# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်၊ အင်္ဂါနေ့၊ (27-8-2024)၊ အတွဲ (၃၃)၊ အမှတ် (၁၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား

## ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျရာပတ်ဝန်းကျင်ကို ပညာအလင်းရောင်နှင့် လမ်းကြောင်းမှန်ဖော်ဆောင်ပေးနိုင်ရမည်



နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန မန္တလေးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# ရှေးဟောင်းအမွေအနှစ်နေရာများ ဝိုင်းဝန်းထိန်းသိမ်းရေး

မြန်မာနိုင်ငံနှင့် လူမျိုးတို့၏သမိုင်းကြောင်းတစ်လျှောက် ပြောင်းလဲတည်ရှိလာခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာမှတ်တမ်းသက်သေများဖြစ်သည့် ရှေးဟောင်းအမွေအနှစ်များကို မပျောက်မပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်မှာ နိုင်ငံသားတိုင်းနှင့်ဆိုင်သည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ ယနေ့ခေတ်ကာလတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ လူတို့၏ ပယောဂများကြောင့် ရှေးဟောင်းအမွေအနှစ်များပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်လျက်ရှိသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အစားထိုးမရသည့် အဖိုးတန်သမိုင်းမှတ်တမ်းများ ပျောက်ကွယ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရှေးဟောင်းအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်သင့်ပေသည်။

မြန်မာနိုင်ငံသည် သမိုင်းမတင်မီခေတ်များဖြစ်သော ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် သမိုင်းတင်သည့်ခေတ်ဖြစ်သော ပျူခေတ်မှသည် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်တို့မှ ရှေးဟောင်းအမွေအနှစ်များ ကြွယ်ဝစွာပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အစောဆုံးသောမြို့ပြများ၊ အကြီးကျယ်အခမ်းနားဆုံးသောမြို့ပြများ ထူထောင်နိုင်ခဲ့သည့် သမိုင်းအစဉ်အလာကြီးသော နိုင်ငံဖြစ်သည်ကို သမိုင်း၏သက်သေများဖြစ်သည့် နန်းတော်၊ မြို့ရိုး၊ ကျုံးများကိုလေ့လာကြည့်ခြင်းအားဖြင့် သိရှိနိုင်ပေသည်။ အချိန်ကာလရွေ့လျားပြောင်းလဲလာမှု၊ သဘာဝတရားများ၏ တိုက်စားမှုများကြောင့် နိုင်ငံအနှံ့အပြားရှိ ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုများရှိနေသကဲ့သို့ ခိုးယူမှုများကြောင့် ပျောက်ဆုံးကာ ရှေးဟောင်းအမွေအနှစ်တချို့ပျောက်ကွယ်ခဲ့ရသည်မှာ လွန်စွာနှမြောဖွယ်ကောင်းလှသည်။ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအစီအစဉ်ဖြင့် နိုင်ငံတစ်ဝန်းတွင်ရှိခဲ့သည့် ရှေးဟောင်းနန်းတော်များအနက် မန္တလေး၊ ရွှေဘို၊ ပဲခူး၊ ပုဂံနန်းတော်များကို ပြန်လည်ဖော်ထုတ်၍ ပုံစံတူတည်ဆောက်ခဲ့ခြင်းကြောင့် ယနေ့ခေတ်လူငယ်လူရွယ်များ မြန်မာတို့၏ကြီးကျယ်ခမ်းနားသော သမိုင်းကြောင်းကို လေ့လာခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့်တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးနှင့်တံတားများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း"** စသဖြင့် တောင်ငူမြို့ ကေတုမတီမြို့ဟောင်းယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုများကို ဩဂုတ် ၂၃ ရက်က သွားရောက်ကြည့်ရှုစဉ် တာဝန်ရှိသူများကို အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး အလေးထားမှုများကိုတွေ့မြင်နိုင်ပေသည်။

ရှေးအစဉ်အဆက်ကလက်ဆင့်ကမ်းခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်သွားပြီး အဆိုပါမြန်မာ့ရှေးဟောင်းအမျိုးသားအမွေအနှစ်များကို နိုင်ငံတကာအဆင့်မီ ထိန်းသိမ်းသွားရန်လည်းလိုသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော ခေတ်အဆက်ဆက်သမိုင်းကြောင်းနောက်ခံ ရှေးဟောင်းအမွေအနှစ်များစွာကို ဖော်ထုတ်ထိန်းသိမ်းရာတွင် နိုင်ငံသူ၊ နိုင်ငံသားများနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ယူစွာဖြင့်ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးပဲ၊နှမ်းဈေးကွက်တွင် နှမ်းနှင့်ပဲဇီးကွက်အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်ပဲဇီးကွက်မှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်ပဲဇီးကွက်များကို ကုန်သည်များက ဝယ်ယူမှု ပြန်လည်များပြားလာကြောင်း၊ အလားတူ မတ်ပဲနှင့်ဂျုံများလည်း ပုံမှန်အတိုင်းအရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"နှမ်းနဲ့ပဲဇီးကွက်က အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲအရောင်းအဝယ်အေးနေခဲ့တယ်။ လက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ နှမ်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ ပဲဇီးကွက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# တောင်သမန်တံတားနှင့်အင်းသို့ ဩဂုတ်လ တတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှုများပြားလာ



**မန္တလေး ဩဂုတ် ၂၆**

တောင်သမန်တံတားနှင့်အင်းသို့ ဩဂုတ်လ တတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်စရာနေရာအများအပြားရှိသည့်အနက် တောင်သမန်တံတားနှင့်အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်မှုများပြားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့်အင်းသို့ ယခုအခါပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော တောင်သမန်တံတားနဲ့အင်းကို ပြည်တွင်း မန္တလေးမြို့၊ ရန်ကုန်မြို့၊ ပြင်ဦးလွင်မြို့ စတဲ့မြို့တွေက ခရီးသွားတွေအပြင် ပြည်ပနိုင်ငံတွေက ခရီးသွားတွေလဲ ဝင်ရောက်လည်ပတ်မှု များပြားနေပါတယ်။ ပြည်တွင်းခရီးသွားတွေကတော့ လာရောက်လည်ပတ်မှုအများဆုံးဖြစ်ပါတယ်"ဟု တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့်အင်းသို့ ဩဂုတ်လ ဒုတိယပတ်က ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လ တတိယပတ်မှစ၍ တောင်သမန်တံတားနှင့်အင်းသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့်ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲပုပ် ဧက ၁၈၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲပုပ် ၁၅၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေသိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလဲဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးခရိုင်တွင် ၁၁၈ ဧက၊ ခန္တီးခရိုင်တွင် ၁၃၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၇၄ ဧက၊ နာဂဒေသတွင် ၁၁၉၂ ဧက၊ ကသာခရိုင်တွင် ၃၄ ဧက စုစုပေါင်း ၁၅၅၆ ဧကတို့ဖြစ်ကြောင်း၊ ပဲပုပ်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကလေးခရိုင်တွင် ၁၃၅ ဧက၊ ခန္တီးခရိုင်တွင် ၁၇၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၉၅ ဧက၊ နာဂဒေသတွင် ၁၂၅၈ ဧက၊ ကသာခရိုင်တွင် ၃၇ ဧက စုစုပေါင်း ဧက ၁၈၀၀ တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ၌ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**သာစည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောအိုင်ကျေးရွာအုပ်စု ဖျောက်ဆိပ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဖျောက်ဆိပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖျောက်ဆိပ်ကုန်းကျေးရွာ၌ အရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ ဒသမ ၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးစောငြိမ်း–ဒေါ်မိုးမိုးဝေ အောင်မြင်သူကုမ္ပဏီလီမိတက် မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၁၀၅၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက် အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေ



**မအူပင် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်သို့ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ် ကောင်းနေကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်သို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါ အာလူးများ ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းလာပြီး လက်ရှိအာလူး ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရှမ်းပြည်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေပုံမှန်ဝင်ရောက်နေပါတယ်။ မနှစ်က အာလူး ၁၀ ပိဿာကို ငွေကျပ် ၃၅၀၀၀ ထိပဲ ပေါက်ဈေးရှိခဲ့ပါတယ်။ လက်ရှိ ၁၀ ပိဿာကို ငွေကျပ် ၄၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ အာလူးက လက်ရှိအရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိတစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေး ကောင်းမွန်ပါတယ်" ဟု မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် အာလူးစိုက်သည့် တောင်သူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ် မိုးတိမ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**သဲကုန်း ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးတိမ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မိုးတိမ်ပြင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၈၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၈၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ၃၂၇၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၈၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မိုးစပါ ၃၂၇၈၃ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၈၈၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီပြီးစီးအောင်စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# မြေဆီလွှာနှင့်မြေသြဇာ (အပိုင်း-၃)

ပါမောက္ခကိုကိုအောင်



ကျောက်သည် တွင်းထွက်ပစ္စည်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းလျက်ရှိသည့်အားလျော်စွာ ထိုကဲ့သို့ ပါဝင်ဖွဲ့စည်းလျက်ရှိသော တွင်းထွက်ပစ္စည်းများတွင် ကျောက်သလင်း သို့မဟုတ် သဲတို့ကို အများဆုံးတွေ့ရှိရသည်။ သဲမြေတွင်မူ အခြားသော တွင်းထွက်ပစ္စည်းများထက် သဲက ရာခိုင်နှုန်းပိုမိုများပြားစွာပါဝင်နေသည်။ သဲသည် မြေဆီလွှာကို ပွယောင်းယောင်းဖြစ်စေသည်သာမက ပေါ့လည်း ပေါ့စေပြီးလျှင် နုန်းမြေကဲ့သို့လည်းဖြစ်သည်။ ကယ်လ်စီယမ်ကာဗွန်နိတ်သည်လည်း မြေဆီလွှာတွင်ပါဝင်သော တွင်းထွက်ပစ္စည်းတစ်မျိုးဖြစ်ပြီး၊ ၎င်းတွင် ထုံးဓာတ်ပါရှိသောကြောင့် အရေးကြီးလှသည်။ အက်ပ်တိုက်နှင့် အော်သိုကလေ့တို့ကလည်း ဖော့စဖရတ်နှင့် ပိုတက်ဆီယမ်တို့ထက်ပင် ပိုမိုရှုပ်ထွေးစွာ ပေါင်းစပ်ပါဝင်နေကြသည်။ ဟေမတိုက်နှင့် လီမိုနိုက်ပစ္စည်းများတွင် သံများပါရှိ၍ အရောင်မှာ အနီနှင့်အဝါတို့ဖြစ်ကြသည်။ အဆိုပါ တွင်းထွက်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသော မြေဆီလွှာ၏အရောင်အသွေးကို အမေရိကန်နိုင်ငံ တောင်ပိုင်းပြည်နယ်များ၌ တွေ့မြင်နိုင်သည်။

မြေဆီလွှာတွင် ဤဓာတ်ပစ္စည်းများအပြင် မြောက်မြားစွာသော အခြားဓာတ်ပစ္စည်းများလည်း အနည်းငယ်မျှစီ ပါဝင်နေကြသေးသည်။ အပင်စာဖြစ်သည့် ပိုတက်ဆီယမ်၊ ဖော့စဖရတ်၊ ဆာလဖာ(ကန့်)၊ မဂ္ဂနီဆီယမ်နှင့်သံ စသောတွင်းထွက်ဒြပ်စင်များသည် ဖော်ပြခဲ့ပြီးသော ဓာတ်ပစ္စည်းတို့တွင် ပါဝင်လျက်ရှိနေသည်။ ၎င်းတို့၏ ဖွဲ့စည်းထားပုံမှာ တစ်ခါတစ်ရံ၌ ရိုးရှင်းလှသောကြောင့် အပင်စာအဖြစ် လွယ်ကူစွာရရှိနိုင်သည်။ သို့ရာတွင် တစ်ခါတစ်ရံ၌မူ ရှုပ်ထွေးစွာ ပေါင်းစပ်ပါဝင်နေတတ်ကြသည့်အပြင် ပျော်ဝင်ခြင်းလည်း မရှိကြသောကြောင့် ထိုကဲ့သို့ ရှုပ်ထွေးစွာ ပေါင်းစပ်နေသည်ကို စနစ်တကျပြုပြင်ပေးမှသာလျှင် အပင်စာအတွက်ရရှိနိုင်သည်။

မြေဆီလွှာတွင် အများအပြားဖွဲ့စည်းပါရှိသော ပစ္စည်းများ၏ အရွယ်အစားနှင့် ပုံသဏ္ဍာန်များမှာ တူညီမှုမရှိကြပေ။ ၎င်းတို့၏အရွယ်များမှာ ကျောက်ခဲသို့မဟုတ် ကျောက်စရစ်အရွယ်မှသည် အလွန်ချဲ့အားကောင်းသည့် မိုက်ခရိုစကုပ်ဖြင့် ကြည့်မှသာ မြင်နိုင်သော အလွန့်အလွန်သေးငယ်သည့်အမှုန်များအထိကွဲပြားနေကြသည်။ ၎င်းတို့၏ အရွယ်ကိုလိုက်၍ အမည်ပေးထားရာ ကျောက်ခဲနှင့် ကျောက်စရစ်တို့က အကြီးဆုံးဖြစ်ကြပြီး ၎င်းတို့နောက်တွင် သဲအမျိုးမျိုးနှင့် နောက်ဆုံးတွင်မှ နုန်းနှင့် မြေစေးမှုန့်များရှိကြသည်။ အရွယ်အစားအသေးငယ်ဆုံးသော သဲမှုန့်ကို သာမန်မျက်စိဖြင့် မြင်နိုင်သော်လည်း အရွယ်အစားအကြီးဆုံးသော နုန်းမှုန့်ကိုမူ မိုက်ခရိုစကုပ်မပါဘဲနှင့်မြင်နိုင်မည်မဟုတ်ပေ။ မြေမှုန့်တို့၏ ပုံသဏ္ဍာန်ကလည်း အမျိုးမျိုးကွဲပြားလျက်ရှိကြရာ အချို့ကသာဝိုင်းပြီး များသောအားဖြင့်မူ အချွန်ကလေးများဖြစ်နေပြီးလျှင် အချို့အစားကလည်း မကျနပေ။ အချို့မြေမှုန့်တို့မှာ အစအနကလေးမျှသာလျှင်ဖြစ်ကြသည်။

မြေမှုန့်၏ အရွယ်ပမာဏနှင့် ထိုမြေမှုန့်တွင် ပေါင်းစပ်ပါဝင်လျက်ရှိသောပစ္စည်းတို့သည် အပင်ပေါက်ရောက်ရှင်သန်ရေးအတွက် မြေဆီလွှာ၏ ကြံ့ခိုင်မှုနှင့် များစွာသက်ဆိုင်လျက်ရှိနေသည်။ မြေမှုန့်တို့၏ အရွယ်ပမာဏနှင့်ဖွဲ့စည်းနေပုံတို့က မြေဆီလွှာထဲတွင်ရှိသော အပူ၊ လေနှင့် ရေတို့၏ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်ကန့်သတ်ထားသည်။ ဤနည်းဖြင့်ပင် အပင်တို့၏ အမြစ်များဖောက်ထွင်းထိုးဝင်သွားနိုင်အောင် ပြုပြင်လုပ်ဆောင်ပေးကြသည်။ မြေဆီလွှာတွင်ပါရှိသော ဓာတ်ပစ္စည်းတို့ကမူ အပင်စာအတွက် လိုအပ်သလိုပြုပြင်ပေးကြသည်။ ကောက်ပဲသီးနှံများ ပိုမိုထွက်ရှိရေးအတွက် မြေမှုန့်များက မည်မျှမည်မျှအရေးကြီးသည်ကို သိရှိနိုင်မည်ဖြစ်သည်။

မြေဆီလွှာနှင့် ကျောက်မှုန့်တို့၏ခြားနားချက်ကြီးတစ်ရပ်မှာ ၎င်းတို့တွင်ပါရှိသော အော်ဂဲနစ်ဒြပ်တို့ကလည်း အခြားသောဓာတ်ပစ္စည်းများနှင့် အလွန်သမစွာ ရောနှောပေါင်းစပ်လျက်နေကြခြင်းပင်ဖြစ်သည်။ မြေသြဇာကောင်းမွန်ရေးအတွက် အော်ဂဲနစ်ဒြပ်ကိုလည်း အထူးပင်လိုအပ်သည်။ မြေဆီလွှာကို နုန်းမြေဖြစ်အောင်ပြုပြင်ပေး၍ လေကိုလည်း ထိန်းသိမ်းထားနိုင်သည့်အပြင် အပင်များကြီးထွားပေါက်ရောက်မှုတွင် အထူးအရေးကြီးသည့် ဗက်တီးရီးယားတို့၏ ထကြွလှုပ်ရှားမှုကိုလည်း အားပေးသည်။ ထို့ပြင် အော်ဂဲနစ်ဒြပ်က အပင်နှင့်တိရစ္ဆာန်တို့ရှင်သန်ရေးအတွက် အလွန်အရေးကြီးသည့် မူလဒြပ်စင်ဖြစ်သော နိုက်ထရိုဂျင်ကိုလည်း ယူဆောင်ပေးသည်။

အော်ဂဲနစ်ဒြပ်များမှာ မြေဆီလွှာတွင်ပေါက်ရောက်သော အပင်များ သေကျေပျက်စီးရာမှ တဖြည်းဖြည်းစုပုံများပြားလာကာ ဆွေးမြည့်သောအပင်များမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ ဆွေးမြည့်သော အပင်များသည် နှစ်ပရိစ္ဆေဒကြာသောအခါ သဘာဝအလျောက် အပေါ်ယံမြေလွှာနှင့် တဖြည်းဖြည်း ရောနှောပေါင်းစပ်သွားသည်။ စိုက်ပျိုးတောင်သူတို့က စိုက်ပျိုးမြေကို ထယ်ထိုးခြင်း၊ မြေသြဇာထည့်ပေးခြင်း စသောနည်းအမျိုးမျိုးတို့ဖြင့် မြေဆီလွှာကို အော်ဂဲနစ်ဒြပ်များဖြည့်စွက်ပေးကြသည်။ အပင်စာများကို မည်သည့်နည်းဖြင့် ထည့်ပေးသည်ဖြစ်စေ အကျိုးအာနိသင်က အတူတူပင်ဖြစ်သည်။ အပင်စာများကို မြေဆီလွှာတွင် ထည့်လိုက်သောအခါ ဆွေးမြည့်ကာ မည်းလာပြီးနောက် တဖြည်းဖြည်းနှင့် မှုန့်ညက်သွားပြီးလျှင် မြေမှုန့်နှင့်သမအောင် ရောစပ်သွားသည်။ ထိုကဲ့သို့ ရောစပ်သွားပြီးသည့်နောက် မြေဆီလွှာအဖြစ်သို့ ပြောင်းလဲသွားသည်။ အပင်စာများဆွေးမြည့်ခြင်း၊ မြေဆီလွှာအဖြစ်သို့ ပြောင်းလဲလာခြင်း၊ အပင်များ နိုက်ထရိုဂျင်ရရှိနိုင်အောင် ပို့ဆောင်ပေးခြင်း စသောလုပ်ငန်းများက ဗက်တီးရီးယားတို့၏ လုပ်ငန်းစဉ်များဖြစ်ကြသည်။ အကယ်၍ မြေဆီလွှာတွင်ရှိသော ဗက်တီးရီးယားများက အလုပ်မလုပ်ခဲ့လျှင်မူ အပင်များပေါက်နိုင်တော့မည်မဟုတ်ပေ။

မြေဆီလွှာတွင်ရှိကြသော အော်ဂဲနစ်ဒြပ်တို့သည် အလွန်အသုံးဝင်၍ အရေးကြီးသော်လည်း ပါဝင်သော အရေအတွက်နှင့်နှိုင်းစာလျှင် ရာခိုင်နှုန်းမများလှပေ။ သာမန်မြေဆီလွှာတွင် အော်ဂဲနစ်ဒြပ် ငါးရာခိုင်နှုန်းမျှ ပါဝင်လျှင်သင့်တင့်ပြီး၊ ဆယ်ရာခိုင်နှုန်းမျှ ပါဝင်နေလျှင်မူ များလွန်းနေသည်။ ဤအချိုးအစားက သစ်ဆွေးမြေနှင့် ကျွဲနွားတိရစ္ဆာန်တို့၏ မစင်အစိုများ ပါဝင်နေသော မြေဆီလွှာတို့ကို ဆိုလိုခြင်းမဟုတ်ပေ။ ထိုမြေမျိုးတို့တွင် သဘာဝအလျောက် အော်ဂဲနစ်ဒြပ်များ အများအပြားပါဝင်လျက်ရှိနေကြသည်။


❖ အော်ဂဲနစ်ဒြပ်များမှာ မြေဆီလွှာတွင်ပေါက်ရောက်သော အပင်များ သေကျေပျက်စီးရာမှ တဖြည်းဖြည်းစုပုံများပြားလာကာ ဆွေးမြည့်သောအပင်များမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ ဆွေးမြည့်သောအပင်များသည် နှစ်ပရိစ္ဆေဒကြာသောအခါ သဘာဝအလျောက် အပေါ်ယံမြေလွှာနှင့် တဖြည်းဖြည်းရောနှောပေါင်းစပ်သွားသည်။ စိုက်ပျိုးတောင်သူတို့က စိုက်ပျိုးမြေကို ထယ်ထိုးခြင်း၊ မြေသြဇာထည့်ပေးခြင်း စသောနည်းအမျိုးမျိုးတို့ဖြင့် မြေဆီလွှာကို အော်ဂဲနစ်ဒြပ်များဖြည့်စွက်ပေးကြသည်။❖

မြေဆီလွှာတွင်ပါဝင်သော မြေမှုန့်အားလုံးတို့သည် ကြမ်းနေလျှင်သော်လည်းကောင်း သို့တည်းမဟုတ် နုနေလျှင်သော်လည်းကောင်း ထိုမြေဆီလွှာကို စံပြမြေဆီလွှာဟု ခေါ်ဆိုနိုင်မည်မဟုတ်ပေ။ မြေမှုန့်အရွယ်အစားအမျိုးမျိုး ကောင်းစွာပေါင်းစပ်ရောနှောနေလျှင် မြေဆီလွှာသည် ပွ၍ လေဝင်လေထွက်ကောင်းမွန်မည်ဖြစ်သည်။ ကောင်းစွာဆွေးမြည့်နေသောအော်ဂဲနစ်ဒြပ်များ ပါဝင်နေမည်ဆိုပါက မြေဆီလွှာ၏အခြေအနေနှင့် ဗက်တီးရီးယားတို့၏ပြုမူဆောင်ရွက်မှုကို ပြုပြင်ပေးခြင်းအားဖြင့် ကောက်ပဲသီးနှံအထွက်နှုန်းကို ကောင်းမွန်စေသည်။

အရွယ်အစားကြီးသော မြေမှုန့်များက တစ်ခုနှင့်တစ်ခုကြား လစ်ဟာမှုကိုဖြစ်စေသဖြင့် လေကို ကောင်းစွာဝင်ထွက်သွားလာစေနိုင်ပြီးလျှင် ရေကိုလည်း ကောင်းစွာ စီးသွားစေသည်။ မြေမှုန့်နုနုတို့ကမူ အစအနများ ဖြစ်ကြပြီး စုခဲနေတတ်ကြသဖြင့် ရေကို ထိန်းသိမ်းထားနိုင်ပြီး အပင်စာကိုလည်းရရှိစေသည်။ အော်ဂဲနစ်ဒြပ်များက မြေဆီလွှာတစ်ခုလုံးကိုပွစေပြီး ဗက်တီးရီးယားတို့၏ ပြုမူဆောင်ရွက်မှုများကိုလည်း အားပေးသည်။ မြေမှုန့်များကို တစ်ခုနှင့်တစ်ခု စေးကပ်နေခြင်းမရှိစေဘဲ ပွနေအောင်ပြုလုပ်ထားသော်လည်း ဖွယ်၍မနေအောင်ကိုလည်း ပြုပြင်ပေးကြသည်။ ထို့ပြင် အော်ဂဲနစ်ဒြပ်များသည် ရေကို ထိန်းသိမ်းသိုလှောင်ထားကြသည့်တိုင် ရေစီးသွားရန်နှင့် လေဝင်ရန်အတွက်ကိုမူ အားပေးကြသည်။ ဤကဲ့သို့ မြေဆီလွှာမျိုးသည် ကောက်ပဲသီးနှံအမြောက်အမြား ထွက်ရှိစေနိုင်သော အစွမ်းသတ္တိရှိပြီး ထိုမြေကို နုန်းမြေဟုခေါ်ကြသည်။

မြေဆီလွှာသည် ကောက်ပဲသီးနှံထွက်ရှိရေးအတွက် အသုံးဝင်လှသည့်အားလျော်စွာ ၎င်း၏ အခြေအနေ၊ ဖွဲ့စည်းထားပုံ၊ အတွင်းသဏ္ဍာန်နှင့် ပြောင်းလဲမှုတို့က အလွန်အရေးကြီးသည်။ အပင်တို့သည် မြေဆီလွှာပေါ်တွင် ခြေကုပ်ရရှိရန်အတွက်သာမဟုတ်ဘဲ ထို့ထက်ပို၍မှီခိုအားထားနေရသည်။ ကောက်ပဲသီးနှံများ ရှင်သန်ကြီးထွားမှုအတွက် လိုအပ်သော အချက်အလက်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း မြေဆီလွှာက ထောက်ပံ့ဖြည့်တင်းပေးသည်။ ထို့ကြောင့်ပင် မြေဆီလွှာအကြောင်းကို ဂဃနဏ နားလည်ခြင်းသည် စိုက်ပျိုးတောင်သူများနှင့် စိုက်ပျိုးရေးလုပ်သားများအတွက် ကောက်ပဲသီးနှံ ပိုမိုထွက်ရှိစေရန်အတွက် လူသားအားလုံးနှင့် သက်ဆိုင်သည့် မြေဆီလွှာကိုပါ တိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ကြောင်း သိသာထင်ရှားလှပေသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၅၅ ဧက စိုက်ပျိုးပြီးစီး



**ထီးချိုင့် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၂၅၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၂၅၆ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီ၊ ခရမ်းသီးစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ ပိုမိုတိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် မလှော်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မလှော်ကိုင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မလှော်ကိုင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မလှော်ကိုင်းကျေးရွာရှိ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မလှော်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၆ ဒသမ ၃၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး

## ကဗျာ့ ဝန်ထမ်း

- ရသလည်း ရှာဖွေ
  စာပေလည်း ဖတ်လျက်၊
  တစ်နေ့တာ အခါသရုပ်ကိုဖြင့်
  မမေ့စရာ ကဗျာတစ်ပုဒ်နဲ့
  ရွေးထုတ် တင်ဆက်။

- ဝမ်းပြည့်ရေး တွေးကြံ
  ရုန်းကန်ကာ လှုပ်ရှား၊
  စာအချို ပျော်သမုနဲ့
  ကဗျာကို အဖော်ပြု
  စိတ်နုနေ့များ။

- ဖွဲလုံ့လ မာန်အားအင်
  တစ်သွင်သွင် စီးဆင်း၊
  ယုံကြည်ရာ စွဲမြဲလျက်
  မတုန်ရီပါ ရဲရဲတက်လို့
  ရှေ့ဆက်လာခြင်း။

- အဆိပ်ကင်း တစ်နေ့တာ
  သာယာအောင် ဖန်တီးခဲ့၊
  ရှေးစာဆို ကဗျာကောင်းတွေနဲ့
  တွေးစရာပို စာတစ်ကြောင်း
  ရသပေါင်းဖွဲ့။

- ကိုယ့်အလုပ် ဖြူစင်
  ရိုးယဉ်တဲ့ ဝန်ထမ်း၊
  စံမီစွာ ထွတ်ထိပ်သို့
  ဉာဏ်ချီရာ မွတ်စိတ်တချို့နဲ့
  ပို့မေတ္တာဖြန်း။ ။

ချမ်းမြေ့(ဇလွန်မြေ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်း ပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အသေခံတိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ်များ စမ်းသပ်မှု ကင်ဂျုံအန်ကိုယ်တိုင်ကြီးကြပ်

ပြုံယမ်း ဩဂုတ် ၂၆

အသေခံ တိုက်ခိုက်ရေး မောင်းသူမဲ့ လေယာဉ်သစ်များ စမ်းသပ်မှုကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အသေခံ တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များ စမ်းသပ်မှုကို ဩဂုတ် ၂၅ ရက်တွင် မြောက်ကိုရီးယား ကာကွယ်ရေး သိပ္ပံ မောင်းသူမဲ့လေယာဉ် နည်းပညာအင်စတီကျု၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့သည့် အဆိုပါစမ်းသပ်မှုအတွင်း အသေခံတိုက်ခိုက်ရေး မောင်းသူမဲ့ လေယာဉ်များက ပစ်မှတ်တုများကို အောင်မြင်စွာ ဖျက်ဆီးပြခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရမီဒီယာများ၏ အဆိုအရ သိရသည်။

မောင်းသူမဲ့ လေယာဉ်များ အတွက် လူ့ဉာဏ်ရည်တု နည်းပညာဆော့ဖ်ဝဲလ်များ ဖန်တီးကြရန်နှင့် အထူးစစ်ဆင်ရေးများတွင် အသုံးချနိုင်မည့် မောင်းသူမဲ့လေယာဉ်များ တည်ဆောက်ကြရန်လည်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က မောင်းသူမဲ့လေယာဉ် နည်းပညာ အင်စတီကျုမှ သိပ္ပံပညာရှင်များကို ဩဂုတ် ၂၅ ရက်တွင် တိုက်တွန်းခဲ့သည်။

ဩဂုတ် ၂၅ ရက် အသေခံ တိုက်ခိုက်ရေး မောင်းသူမဲ့ လေယာဉ်သစ်များ စမ်းသပ်မှုတွင် အနည်းဆုံး မောင်းသူမဲ့လေယာဉ် အမျိုးအစားလေးမျိုး ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မလေးရှားရေတပ်မှ စစ်ရေယာဉ်တစ်စီး ဂျိုဟောပြည်နယ်ကမ်းလွန်၌ နစ်မြုပ်

ကွာလာလမ်ပူ ဩဂုတ် ၂၆

မလေးရှားရေတပ်မှ အမြန်တိုက်ခိုက်ရေး ရေယာဉ်တစ်စီးသည် ဩဂုတ် ၂၅ ရက်တွင် ဂျိုဟောပြည်နယ်ကမ်းရိုးတန်းအနီး နစ်မြုပ်ခဲ့ကြောင်း မလေးရှားရေတပ်က သတင်းထုတ်ပြန်ထားသည်။

ကေဒီပင်ဒီကာ အမည်ရှိ အဆိုပါစစ်ရေယာဉ်သည် ဂျိုဟောကမ်းရိုးတန်းနှင့် ရေမိုင်နှစ်မိုင်အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

စစ်ရေယာဉ်တစ်စီးလုံး မနစ်မြုပ်မီ ၎င်းရေယာဉ်ပေါ်လိုက်ပါလာသည့် ရေတပ်သား ၃၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း မလေးရှား တာဝန်ရှိသူများက ပြောကြားထားသည်။

ကေဒီပင်ဒီကာ စစ်ရေယာဉ်သည် ပင်လယ်ရေအောက်ရှိ အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုနှင့် ဝင်တိုက်ခဲ့ပြီးနောက် ရေဝင်နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နစ်မြုပ်ခဲ့သော ကေဒီပင်ဒီကာ အမည်ရှိ တိုက်ခိုက်ရေး စစ်ရေယာဉ်အား ပြန်လည်ဆယ်ယူရေး လုပ်ငန်းကို လုပ်ဆောင်နေပြီဖြစ်ကြောင်း မလေးရှားရေတပ် တာဝန်ရှိသူများက ပြောကြားသည်။

ကိုယ်ထည်အလျား ၄၃ ဒသမ ၆ မီတာရှိ ကေဒီပင်ဒီကာ စစ်ရေယာဉ်သည် ၁၉၇၉ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၌ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဗီယက်နမ်အမျိုးသားလွှတ်တော်က ဒုတိယဝန်ကြီးချုပ်သစ် သုံးဦးခန့်အပ်နှစ်ဦးကို ထုတ်ပယ်ရေးအတွက် မဲခွဲအတည်ပြု



ဟန္နိုင်း ဩဂုတ် ၂၆

ဗီယက်နမ် အမျိုးသားလွှတ်တော်က ဒုတိယဝန်ကြီးချုပ်သစ် သုံးဦးခန့်အပ်၍ နှစ်ဦးကို ထုတ်ပယ်ရေးအတွက် ယနေ့တွင် မဲခွဲအတည်ပြုခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် တစ်ရက်ကြာ အထူးအစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်သစ် သုံးဦးကို ခန့်အပ်၍ နှစ်ဦးကို ဖယ်ရှားမည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အသစ်ခန့်အပ်မည့် ဒုတိယဝန်ကြီးချုပ်သစ် သုံးဦးနှင့် နေရာမှဖယ်ရှားခံရမည့် ဒုတိယဝန်ကြီးချုပ် နှစ်ဦးတို့၏ အမည်များကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းလက်အောက်တွင် ဒုတိယဝန်ကြီးချုပ်လေးဦးထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

သို့ရာတွင် ယနေ့ ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးပြီးဆုံးချိန်၌ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်အရေအတွက်မှာ တစ်ဦးတိုး၍ ငါးဦးထိ ရှိလာမည်ဖြစ်သည်။

သမ္မတနှစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည့် နိုင်ငံရေးလှုပ်ခတ်မှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပြီးနောက် ဒုတိယဝန်ကြီးချုပ်နေရာ အပြောင်းအလဲများ ပြုလုပ်ရန် ဗီယက်နမ် အမျိုးသားလွှတ်တော်က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။


Ref : Xinhua

Trs : KKO

# မော်ရိုကိုနိုင်ငံမှ ရွှေ့ပြောင်းဝင်ရောက်သူများ စပိန်နိုင်ငံ စီယူတာနယ်မြေနှင့် မီလိုင်လာနယ်မြေသို့ ရေပြင်ကိုလက်ပစ်ကူး၍ ဖြတ်သန်း

မက်ဒရစ် ဩဂုတ် ၂၆

ရွှေ့ပြောင်းဝင်ရောက်သူ အများအပြားသည် ဩဂုတ် ၂၅ ရက်နှင့် ယနေ့တို့တွင် ထူထပ်စွာကျဆင်းနေသည့် မြူနှင်းများကို အကာအကွယ်ယူ၍ မော်ရိုကိုနိုင်ငံဘက်မှ စပိန်နိုင်ငံ စီယူတာဒေသသို့ ရေပြင်ကို လက်ပစ်ကူး ဖြတ်သန်းခဲ့ကြကြောင်း သိရသည်။



မော်ရိုကိုနိုင်ငံ၏ မြေထဲပင်လယ်ကမ်းရိုးတန်းတွင် တည်ရှိသော စပိန်နယ်မြေများဖြစ်သည့် စီယူတာနယ်မြေနှင့် မီလိုင်လာနယ်မြေတို့သည် ဥရောပသမဂ္ဂနှင့် အာဖရိကတို့ကြားရှိ တစ်ခုတည်းသော ကုန်းတွင်းနယ်စပ်ဖြစ်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ရောက်ရှိလာသည့် ရွှေ့ပြောင်းဝင်ရောက်သူအများအပြားကို စီယူတာနယ်မြေ တောင်ဘက်ခြမ်း ကမ်းခြေ၌ ကြားဖြတ်ထိန်းသိမ်းထားကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

အသက်မပြည့်သေးသူများနှင့် ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ရရန် ကြိုးစားသူများမှတစ်ပါး ဖမ်းဆီးထားသော ရွှေ့ပြောင်းဝင်ရောက်သူများကို မော်ရိုကိုနိုင်ငံသို့ ပြန်ပို့မည်ဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် မော်ရိုကိုနိုင်ငံမှတစ်ဆင့် စီယူတာနယ်မြေဆီသို့ ရေပြင်ကိုလက်ပစ်ကူး၍ ရောက်လာသူအရေအတွက် အတိအကျကို စပိန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်းသိရသည်။

စီယူတာနှင့် မီလိုင်လာနယ်မြေတို့သည် ဥရောပသို့သွားရောက်ရန်ကြိုးပမ်းနေသည့် ရွှေ့ပြောင်းဝင်ရောက်သူများ ပြဿနာကို ရှေးယခင်ကပင် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပါကစ္စတန်၌ ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများတိုက်ခိုက်မှုကြောင့် လူ ၅၁ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၂၆

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ရဲစခန်းများ၊ ရထားလမ်းများနှင့် အဝေးပြေးလမ်းများကို ခွဲထွက်ရေးဝါဒီ လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၅၁ ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များ၏ ဘလူချီစတန်စစ်ဆင်ရေးများကို လက်တုံ့ပြန်သည့်အနေဖြင့် ခွဲထွက်ရေးဝါဒီများက ပြည်နယ်အတွင်းရှိ ရဲစခန်းများ၊ ရထားလမ်းများနှင့် အဝေးပြေးလမ်းများကို တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ဘလူချီစတန် ခွဲထွက်ရေးဝါဒီများအနေဖြင့် ပါကစ္စတန်နိုင်ငံ၌ မင်းမဲ့ဝါဒ ပေါ်ထွက်လာရေးအတွက် အဆိုပါတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘလူချီစတန် ခွဲထွက်ရေးဝါဒီများသည် ယနေ့တွင် အဓိကအဝေးပြေးလမ်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၂၃ ဦးသေဆုံး၍ ယာဉ်မျိုးစုံ စုစုပေါင်း ၃၅ စီး မီးရှို့ခံခဲ့ရသည်။

ထို့ပြင် ဘလူချီစတန်ပြည်နယ်အတွင်းရှိ ရဲစခန်းများနှင့် လုံခြုံရေးစခန်းများကိုလည်း ခွဲထွက်ရေးဝါဒီများက တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၂၀ ဦး သေဆုံးခဲ့ရသလို ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်တုံ့ပြန်မှုကြောင့်လည်း ခွဲထွက်ရေးဝါဒီ အများအပြား သေဆုံးခဲ့ရသည်။

ဘလူချီစတန်ပြည်နယ်သည် တရုတ်နိုင်ငံဦးဆောင်သော မဟာဗျူဟာဆိပ်ကမ်းစီမံကိန်းများ၊ ရွှေနှင့် ကြေးနီတူးဖော်ရေးစီမံကိန်းများတည်ရှိရာ ပြည်နယ်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တောင်ကိုရီးယားအာကာသအေဂျင်စီက GEO-KOMPSAT- 3 ဘက်စုံသုံး ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်ရေးSpace-X ကုမ္ပဏီနှင့် သဘောတူထား



**ဆိုးလ် ဩဂုတ် ၂၆**

တောင်ကိုရီးယားအာကာသအေဂျင်စီသည် GEO-KOMPSAT-3 အမည်ရှိ ဘက်စုံသုံးဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို လွှတ်တင်ရေးအတွက် အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီနှင့် သဘောတူညီချက် ရယူထားကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယား အာကာသအေဂျင်စီသည် GEO-KOMPSAT-3 ဂြိုဟ်တုကို ၂၀၂၇ ခုနှစ် ဒုတိယနှစ်ဝက်ကာလအတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

တောင်ကိုရီးယား အာကာသအေဂျင်စီသည် ယခင်ကလည်း အဓိက အာကာသမစ်ရှင်များအတွက် Space-X ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

တောင်ကိုရီးယား၏ပထမဆုံး စက်ရုပ်နည်းပညာသုံး လပတ်အာကာသယာဉ်ကို Space-X ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် Space-X ကုမ္ပဏီသည် တောင်ကိုရီးယား စစ်ထောက်လှမ်းရေးဂြိုဟ်တု နှစ်စင်းကိုလည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဧပြီလတွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီက တောင်ကိုရီးယားနိုင်ငံအတွက် နောက်ဆုံး လွှတ်တင်ပေးမည့် GEO-KOMPSAT-3 ဂြိုဟ်တုသည် အလေးချိန် ၃ ဒသမ ၇ တန် ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ခရီတေးရီးယပ်ဘူမိခေတ် ဒိုင်နိုဆောများ၏ တူညီသောခြေရာများကို ယနေ့ခေတ် အတ္တလန္တိတ်သမုဒ္ဒရာတစ်ဖက်တစ်ချက်၌ ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် ဩဂုတ် ၂၆**

ခရီတေးရီးယပ် ဘူမိခေတ် ဒိုင်နိုဆောများ၏ တူညီသောခြေရာများကို ယနေ့ခေတ် အတ္တလန္တိတ် သမုဒ္ဒရာတစ်ဖက်တစ်ချက်ရှိ ပထဝီတိုက်ဒေသကြီး နှစ်ခု၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် ဘရာဇီးနှင့် ကင်မရွန်းနိုင်ငံ၌ ခရီတေးရီးယပ် ဘူမိခေတ် ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာ ၂၃၀ ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ခရီတေးရီးယပ်ဘူမိခေတ်ဦး ဒိုင်နိုဆောများသည် အာဖရိကနှင့် အမေရိကတိုက်တို့ ကွဲမထွက်မီ တောင်အမေရိကနှင့် အာဖရိကကြား နယ်မြေများ၌ လွတ်လပ်စွာ ရှင်သန်ကျက်စားနိုင်ခဲ့သည့်သဘောရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ဘရာဇီးနှင့်ကင်မရွန်းနိုင်ငံရှိ ခရီတေးရီးယပ်ဘူမိခေတ် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် တစ်ခုနှင့်တစ်ခုကိုက်ညီဆင်တူသော်လည်း ဘရာဇီးနှင့် ကင်မရွန်းမှာ မိုင်ပေါင်း ၃၇၀၀ ကျော် ကွာဝေးသည့်နိုင်ငံများ ဖြစ်ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၂၀ ခန့်က ဂွန်ဒွါနာအမည်ရှိ မဟာတိုက်ဒေသကြီးပေါ်တွင် ခရီတေးရီးယပ်ဘူမိခေတ် ဒိုင်နိုဆောသတ္တဝါများ စုဝေးနေထိုင်ခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဘရာဇီးနှင့် ကင်မရွန်းနိုင်ငံ၌ တွေ့ရှိခဲ့ရသည့် ခရီတေးရီးယပ် ဘူမိခေတ် ကျောက်ဖြစ်ရုပ်ကြွင်း ခြေရာအများစုမှာ သီရိုပေါ့(Theropod) ခေါ် ခြေချောင်းသုံးချောင်းပါ ဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## စတားလိုင်နာအာကာသလူသယ်ယာဉ် စက်တင်ဘာလတွင် ကမ္ဘာပေါ်သို့ဆင်းသက်မည်

**ဝါရှင်တန် ဩဂုတ် ၂၆**

နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားသည့် ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် ယခုနှစ် စက်တင်ဘာလတွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက်သတင်းများအရ သိရသည်။

စတားလိုင်နာ အာကာသ လူသယ်ယာဉ်သည် ကမ္ဘာပေါ်သို့ ပြန်လာရာတွင် အာကာသယာဉ်မှူးများ လိုက်ပါမည်မဟုတ်ဘဲ အလွတ်ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

စတားလိုင်နာ အာကာသ လူသယ်ယာဉ်နှင့် လိုက်ပါသွားပြီးနောက် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ရက်ရှည်လများ သောင်တင်နေသော အာကာသယာဉ်မှူးနှစ်ဦးကို Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် ၂၀၂၅ ခုနှစ်တွင် ပြန်လည်ခေါ်ယူရန် နာဆာက စီစဉ်ထားသည်။

ဇွန် ၅ ရက်တွင် လွှတ်တင်ခဲ့သည့် စတားလိုင်နာ အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ချိတ်ဆက်နိုင်ခဲ့သော်လည်း ဒုံးကန်အားစနစ်နှင့် အအေးပေးဓာတ်ငွေ့ယိုစိမ့်မှုများကြောင့် အာကာသယာဉ်မှူးများနှင့်အတူ ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ရန် အန္တရာယ်များလွန်းကြောင်း သိရသည်။

သို့ဖြစ်ရာ စတားလိုင်နာ အာကာသ လူသယ်ယာဉ်အနေဖြင့် ယခုနှစ် စက်တင်ဘာလ အစောပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ အာကာသယာဉ်မှူးများမပါဘဲ ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## HPV ဗိုင်းရပ်က အမျိုးသမီးများသာမက အမျိုးသားများ၏ကျန်းမာရေးအတွက်လည်း ပြဿနာရှိ

**ဗျူနို့စ်အေရိစ် ဩဂုတ် ၂၆**

Human Papilloma Virus (HPV) ဗိုင်းရပ်သည် အမျိုးသမီးများ၏ ကျန်းမာရေးအတွက်သာမက အမျိုးသားများ၏ကျန်းမာရေးအတွက်လည်း ပြဿနာရှိကြောင်း အာဂျင်တီးနား သုတေသနပညာရှင်များက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

HPV ဗိုင်းရပ်သည် အမျိုးသမီးများကြား သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှု အားလုံးနီးပါး၏ လက်သည်တရားခံဗိုင်းရပ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အာဂျင်တီးနား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HPV ဗိုင်းရပ်သည် အမျိုးသားများ၏မျိုးဆက်ပွားနိုင်စွမ်းကိုလည်း ဖျက်ဆီးနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ HPV ဗိုင်းရပ်ကူးစက်ခံထားရသည့် အမျိုးသားများတွင် ဆီးလမ်းကြောင်း ခုခံအားစနစ် အားနည်းလာမှုနှင့် အောက်ဆီအက်တစ်နှင့် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်း မညီမျှမှုပြဿနာ (Oxidative Stress) ပေါ်လာမှုတို့ကြောင့် သုက်ပိုးကောင် သေဆုံးနှုန်းမြင့်တက်လာသည်ကို တွေ့ရကြောင်း အာဂျင်တီးနား သိပ္ပံပညာရှင်များက ပြောကြားသည်။

HPV ဗိုင်းရပ်သည် အမျိုးသားများ၏ မျိုးဆက်ပွားစွမ်းဆောင်ရည်ကိုလည်း ဖျက်ဆီးနိုင်ဖွယ်ရှိရာ အမျိုးသားများအနေဖြင့် HPV ကာကွယ်ဆေးများထိုးနှံထားသင့်သည်ဟု အာဂျင်တီးနားသုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ငယ်ရွယ်ချိန် ဖုန်း၊ ကွန်ပျူတာနှင့် ရုပ်မြင်သံကြား အလွန်အကျွံကြည့်ပါက အသက်ရချိန်တွင် နှလုံးဖောက်နိုင်ခြေမြင့်မား

**နယူးယောက် ဩဂုတ် ၂၆**

ငယ်ရွယ်ချိန် ဖုန်း၊ ကွန်ပျူတာနှင့် ရုပ်မြင်သံကြားကို မျက်နှာမခွာတမ်း အလွန်အကျွံကြည့်ခဲ့ပါက အသက်ရလာချိန်တွင် နှလုံးရုတ်တရက် ဖောက်နိုင်ခြေမြင့်မားကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။


ငယ်ရွယ်ချိန် ရုပ်မြင်သံကြား၊ ကွန်ပျူတာ အကြည့်လွန်မှုသည် အသက်ရလာချိန် နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာတတ်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၄၀၀၀ ကျော်တို့၏ နှစ် ၃၀ စာ ကျန်းမာရေးမှတ်တမ်းအချက်အလက်များကို စိစစ်လေ့လာ၍ ရုပ်သံအကြည့်များခြင်းနှင့် နှလုံးကျန်းမာရေးတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အသက် ၂၀ ခန့်ငယ်ရွယ်ချိန်၌ ရုပ်မြင်သံကြားနှင့် ကွန်ပျူတာ ပုံမှန်ထက်တစ်နာရီပိုကြည့်တိုင်း နှလုံးကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ ၂၆ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရကြောင်း သိရသည်။

ထိုနည်းတူ ရုပ်သံအလွန်အကျွံကြည့်ခဲ့သူများအနေဖြင့် အသက်ရလာချိန်တွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ သို့မဟုတ် လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၁၆ ရာခိုင်နှုန်း မြင့်မားလာကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူကစားသမား ဆန်ချိုကို စတားလင်းနှင့် အလဲအထပ်လုပ်ရန် ချဲလ်ဆီးကြိုးပမ်း

လန်ဒန် ဩဂုတ် ၂၆

ချဲလ်ဆီးအသင်းသည် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် တောင်ပံကစားသမား ဆန်ချိုကို ကြားဖြတ်ခေါ်ယူရန်ကြိုးပမ်းနေကာ အသင်းမှ တိုက်စစ်မှူးစတားလင်းနှင့် အလဲအထပ်အပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

မန်ယူအသင်းနည်းပြ တန်ဟတ်သည် ၎င်းနှင့် ဆက်ဆံရေးတင်းမာနေသည့် ဆန်ချိုကို ပြီးခဲ့သည့်ဘောလုံးရာသီက ဒေါ့မွန်အသင်းသို့ အငှားစေလွှတ်ခဲ့ရာ ကစားသမားအနေဖြင့် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ပြန်လည်ခေါ်ယူခဲ့ပြီးနောက် အသင်းကစားသမားစာရင်းတွင် ထည့်သွင်းခဲ့သော်လည်း ဆန်ချိုအနေဖြင့် ပရီးမီးယားလိဂ် နှစ်ပွဲစလုံးတွင် အရန်လူစာရင်းတွင်သာ ပါဝင်ခဲ့ရပြီး ပွဲထွက်ခွင့်မရခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းသည် တောင်ပံကစားသမားဆန်ချိုကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူခွင့် ပါရှိသည့် တစ်ရာသီ အငှားစာချုပ်ဖြင့်ခေါ်ယူရန်ကမ်းလှမ်းခဲ့ပြီး သဘောတူညီမှုရရှိရန် ကြိုးပမ်းနေချိန်တွင် ချဲလ်ဆီးအသင်းကလည်း ဆန်ချိုကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလာခဲ့ပြီး စတားလင်းနှင့် အလဲအထပ်ပြုလုပ်ရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း နည်းပြသစ်မာရက်စ်ကာသည် တိုက်စစ်ပိုင်းမှ စတားလင်းနှင့် ခံစစ်ပိုင်းမှ ဘန်ချီဝဲလ်တို့ကို ပွဲထွက်ခွင့်မပေးနိုင်တော့ကြောင်း တရားဝင်ပြောကြားခဲ့ပြီး အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့ခြင်း မရှိတော့ဘဲ အသင်းမှ ထွက်ခွာခွင့်ပြုထားသကဲ့သို့ ဆန်ချိုကိုခေါ်ယူရာတွင် စတားလင်းကို အလိုက်ပေးရန် ဆုံးဖြတ်ထားသည်။

ထို့ပြင် နည်းပြမာရက်စ်ကာက အဆိုပါ ကစားသမားများကို အသင်းနှင့် ပူးပေါင်းလေ့ကျင့်ခွင့် ပေးထားခဲ့ပြီး ၎င်းတို့အနေဖြင့် အသင်းတွင် စာချုပ်ကုန်ဆုံးချိန်ထိ ဆက်လက်နေထိုင်လိုပါကလည်း ချဲလ်ဆီးအသင်း ကစားသမားများအဖြစ် ဆက်ရှိမည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Goal.com

Trs : ML



# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရက်ဒ်လေဆွတ်ခူးရရှိ




ကော်လိုရာဒို ဩဂုတ် ၂၆

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရက်ဒ်လေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွီဒင်ဂေါက်သီးရိုက် ကစားသမားလက်ဗစ်အဘက်ဩြစတြေးလျ ဂေါက်သီးရိုက်ကစားသမား အာဒမ်စကော့နှင့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဆမ်ဘန်းတို့က စုစုပေါင်း သတ်မှတ် ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဘရက်ဒ်လေအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် PGA Tour ဆုဖလားကို ခုနစ်လုံးမြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ဘရက်ဒ်လေက “ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် အရမ်းကို အရေးကြီးတယ်။ FedEx Cup အမှတ်ပေးဇယားမှာ ရပ်တည်ချက်ကောင်းမွန်လာသလို FedEx Cup ပြိုင်ပွဲအတွက်လဲ အရည်အချင်းစစ် အောင်သွားပြီ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဖီအိုရင်တီးနား တောင်ပံကစားသမား ဂွန်ဇာလက်ဇ်ကို ဂျူဗင်တပ်အသင်း အငှားစာချုပ်ဖြင့်ခေါ်ယူ

ရောမ ဩဂုတ် ၂၆

ဂျူဗင်တပ်အသင်းသည် ဖီအိုရင်တီးနားအသင်း တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား ဂွန်ဇာလက်ဇ်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ် အသင်းသည် ဂွန်ဇာလက်ဇ်ကိုခေါ်ယူရန် ကာလရှည်ကြိုးပမ်းနေခဲ့ရပြီး ယခုအခါ တစ်ရာသီ ယူရိုရှစ်သန်းဖြင့် အငှားခေါ်ယူနိုင်ခဲ့သည့်အပြင် စာချုပ်ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့်အပြီးသတ်ခေါ်ယူနိုင်မည်ဖြစ်ပြီး ပြောင်းရွှေ့ကြေးကို သုံးနှစ် အရစ်ကျပေးချေရန် သဘောတူညီမှုရရှိခဲ့ကာ ကစားသမားအတွက် အပိုဆုကြေး ယူရိုငါးသန်းလည်း ပါဝင်ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ တောင်ပံကစားသမား ဂွန်ဇာလက်ဇ်အနေဖြင့် တူရင်မြို့သို့ရောက်ရှိခဲ့ပြီး ဂျူဗင်တပ်အသင်းတွင် ဆေးစစ်မှုအောင်မြင်ခဲ့သောကြောင့် တရားဝင်ကစားသမား ဖြစ်လာခဲ့ပြီး ယခု အပြောင်းအရွှေ့ကာလတွင် အသင်းကခေါ်ယူခဲ့သည့် ခြောက်ဦးမြောက် ကစားသမား ဖြစ်လာခဲ့သည်။



ဂွန်ဇာလက်ဇ်သည် အာဂျင်တီးနားကလပ် အာဂျင်တီနို့စ်ဂျူနီယာအသင်းနှင့် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင် စတုဂတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ပြိုင်ပွဲစုံ ၇၉ ပွဲတွင် သွင်းဂိုး ၂၃ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ဖီအိုရင်တီးနားအသင်းက ခေါ်ယူခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၃၈ ဂိုးထိ သွင်းယူနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Juvefc

Trs : ML

# ဆွမ်ဆီးနှင့် ကာဒစ်အသင်းတို့ပွဲစဉ်တွင် ကြော်ငြာဆိုင်းဘုတ်ပြုတ်ကျမှုကြောင့် ကာဒစ်ကစားသမားတစ်ဦး ဒဏ်ရာရရှိ



လန်ဒန် ဩဂုတ် ၂၆

ချန်ပီယံရှစ် ပြိုင်ပွဲအဖြစ် တနင်္ဂနွေနေ့က ကစားခဲ့သည့် ဆွမ်းဆီးအသင်းနှင့် ကာဒစ်အသင်းတို့ပွဲစဉ်တွင် ကာဒစ်အသင်းက ချေပဂိုးသွင်းယူပြီးနောက် အောင်ပွဲခံစဉ်အတွင်း ကြော်ငြာဆိုင်းဘုတ်ပြား ပြုတ်ကျမှုကြောင့် ကာဒစ်ကစားသမား တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆွမ်ဆီးအသင်းက ပွဲအစ ၁၀ မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ဖိအားပေးမှုများ ရှိခဲ့သော်လည်း ပထမပိုင်းတွင် ဆွမ်းဆီးအသင်းက ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းအရောက်တွင် ကာဒစ်အသင်းက ချေပဂိုးရရှိရေး ဆက်တိုက် တိုက်စစ်ဆင်လာခဲ့ရာ ပွဲကစားချိန် ၇၉ မိနစ်အရောက်တွင် အိုလီတန်နာ၏ ဖန်တီးပေးမှုမှ ရော်ဘင်ဆင်က ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ကွင်းဘေး ကြော်ငြာဆိုင်းဘုတ်များ အနီး အောင်ပွဲခံမှုပြုလုပ်ခဲ့ရာ ကြော်ငြာဆိုင်းဘုတ်ပြား လဲကျခဲ့မှုကြောင်း အိုလီတန်နာ၏ခြေထောက်ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး ပြိုင်ပွဲကို ခေတ္တရပ်နားခဲ့ရသည်။

ဆွမ်ဆီးနည်းပြ ဝီလျံက“ အခုဖြစ်စဉ်အပါအဝင် ဒီတစ်ပတ်အတွင်းမှာ အခုလိုမျိုး နှစ်ကြိမ်ဖြစ်ခဲ့တာကို တွေ့ရမှာပါ။ ပဲလေ့စ်နဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲမှာ ဝက်စ်ဟမ်း ကစားသမားတွေ အောင်ပွဲခံမှုက ကွင်းဘေးက ဘောလုံးကောက်ကလေးတစ်ဦး ကြော်ငြာဆိုင်းဘုတ်နဲ့ ထိခိုက်မိခဲ့ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ အောင်ပွဲခံရာမှာ မိမိတို့ဘေးမှာ အန္တရာယ်ဖြစ်မဲ့အရာတွေကို ရှောင်ရှားစေလိုပါတယ်။ ဒ့ါပြင် ကွင်းလုံခြုံရေးတာဝန်ရှိသူတွေကလဲ မတော်တဆဖြစ်စေမဲ့ အရာတွေကို ကြိုတင်စစ်ဆေး ဖယ်ရှားပေးရမှာပါ’’ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- နော်တင်ဟမ်အသင်းက ပေါ်တိုအသင်း ခံစစ်ကစားသမား ကာမိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ သန်းဖြင့် ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ဘုန်းမောက်အသင်းက ချဲလ်ဆီးအသင်း ဂိုးသမား ကီပါကို အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ရန် တရားဝင်ဆွေးနွေးမှု ပြုလုပ်လျက်ရှိသည်။
- မန်စီးတီးအသင်းသည် တိုက်စစ်မှူး ဟာလန်းနောက်တွင် အသုံးပြုနိုင်မည့် အသက် ၁၉ နှစ်ရှိ ကိုပင်ဟေဂင်တိုက်စစ်မှူး အိုစကာဆန်ကိုခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ဝက်ပရောက်စ်ကို အပြောင်းအရွှေ့မပိတ်သိမ်းမီ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို လိုင်ဒီယာကို ဆွတ်ခူး



လန်ဒန် ဩဂုတ် ၂၆

ဗြိတိန်တွင် ကျင်းပခဲ့သည့် Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ် ဂေါက်သီးရိုက်မယ် ရူနင်ယင်၊ အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသော လီလီယာဗူ၊ နယ်လီကော့ဒါ၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ရှင်ဂျီယိုင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

လိုင်ဒီယာကိုက “အမှန်တကယ် ဖြစ်နေတာလားလို့ တောင်တွေးမိနေတယ်။ ပဲရစ်အိုလံပစ် အားကစားပွဲတော်မှာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာမှာ အဓိကဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းက ကျွန်မအတွက် မယုံကြည်နိုင်တဲ့ အခြေအနေ တစ်ရပ်လဲဖြစ်ပါတယ်။ မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့ အောင်မြင်မှုတွေကို ရယူနိုင်ခဲ့တဲ့အတွက် ဒီရက်သတ္တပတ်ဟာ ကျွန်မအတွက် အရမ်းကိုပျော်စရာကောင်းတဲ့ အခိုက်အတန့်လဲဖြစ်ပါတယ်။ ကစားသမားဘဝကနေ အနားမယူမီမှာ အဓိကဆုဖလားတွေကို ဆွတ်ခူးရယူချင်တဲ့ ကျွန်မရဲ့ရည်မှန်းချက်တွေလဲ ပြည့်ဝလာခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။

လက်ရှိချန်ပီယံ လီလီယာဗူအနေဖြင့် နောက်ဆုံးနေ့ထိ ချန်ပီယံဆုကို ကာကွယ်နိုင်မည့် အခွင့်အရေးကောင်း ရရှိခဲ့သော်လည်း နောက်ဆုံးနေ့တွင် အမှားအယွင်းတချို့ ရှိခဲ့သည့်အတွက် လက်ရှိချန်ပီယံအား ကာကွယ်နိုင်မည့်အခွင့်အရေးဖြင့် လွဲချော်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# နယူးဇီလန်တင်းနစ်မယ် လူလူဆန်းကိုအနိုင်ရခဲ့သည့် နိုစကိုဗာ Monterrey Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု ဆွတ်ခူးရရှိ



မွန်တာရေး ဩဂုတ် ၂၆

မက္ကဆီကိုနိုင်ငံ မွန်တာရေးမြို့တွင် ကျင်းပခဲ့သည့် Monterrey Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ချက်တင်းနစ်မယ် နိုစကိုဗာနှင့် နယူးဇီလန်တင်းနစ်မယ် လူလူဆန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နိုစကိုဗာက(၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်အရွယ် နိုစကိုဗာအတွက် ပထမဆုံးသော WTA ဆုဖလားဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ခြေအဆင့် ၂ အဖြစ် သတ်မှတ်ခံထားရသည့် အမေရိကန်တင်းနစ်မယ် နာဗာရိုအား အနိုင်ရခဲ့ပြီးနောက် ဗိုလ်စွဲရန် ရေပန်းစားခဲ့သူလည်း ဖြစ်သည်။

နိုစကိုဗာသည် ပထမပွဲငယ်တွင် လူလူဆန်းအား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး tie-break အဆင့်အထိ ကစားခဲ့ရပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နိုစကိုဗာက “ဒီပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရောက်လာတော့ စိတ်ခံစားပိုင်းဆိုင်ရာမှာ အကောင်းဆုံးအနေအထား ရှိမနေပါဘူး။ တကယ်တမ်း ပြိုင်ပွဲစဝင်တော့ စိတ်ခံစားပိုင်းဆိုင်ရာက သိသိသာသာ ပြောင်းလဲသွားခဲ့ပြီး ကြိုးစားချင်စိတ်ဖြစ်လာတယ်။ အောင်မြင်မှုအတွက် မျှော်လင့်မထားပေမဲ့လဲ ကျွန်မဘဝအတွက် ဂုဏ်ယူစရာကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်လာခဲ့တယ်။ ကစားသမားဘဝရဲ့ ပထမဆုံးသော WTA ဆုဖလားအတွက် ဂုဏ်ယူဝမ်းသာပါတယ်။ နောက်နှစ်တွေမှာလဲ လက်ရှိချန်ပီယံဆုကို ကာကွယ်ခွင့် ရချင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Futsal Chit Thu အသင်းနှင့် Bushido Team အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် M-Million FC အသင်းနှင့် Seven FC အသင်းတို့ ကစားခဲ့ရာ Seven FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် MH Dream Team အသင်းနှင့် FCT Youth အသင်းတို့ ကစားခဲ့ရာ MH Dream Team အသင်းက ၁၄ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့နောက် နေ့လယ် ၁ နာရီခွဲတွင် YRG FC အသင်းနှင့် Sar Bal Gyi Doh FC အသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက ၁၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Gold Dream FC အသင်းနှင့် SGF FC အသင်းတို့ ကစားခဲ့ရာ SGF FC အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Pyae Sone Fc အသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြဝတီအမျိုးသမီးအသင်းက အယ်လ်နာဆာအမျိုးသမီးအသင်းကို ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၂၆

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပလျက်ရှိသည့် အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ယနေ့နံနက် ၁ နာရီက မြဝတီအသင်းနှင့် အယ်လ်နာဆာအသင်းတို့ကစားခဲ့ရာ မြဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြဝတီ အမျိုးသမီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုပြီး ပထမဆုံးအကြိမ် ပါဝင်ခွင့်ရရှိခဲ့ကာ ဆော်ဒီကလပ် အယ်လ်နာဆာအသင်း၊ ယူအေအီးကလပ် Abu Dhabi Country Club အသင်းနှင့် လာအိုကလပ် Young Ele-phants အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင်အယ်နာဆာအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၁ မိနစ်နှင့် ပွဲချိန် ၂၈ မိနစ်တို့တွင် လူဗန်ဂါ၊ ပွဲချိန် ၆၃ မိနစ်တွင် မူယာကာ့ဒ်တို့က အယ်လ်နာဆာအသင်းအတွက် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အယ်လ်နာဆာအသင်းက မြဝတီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြဝတီအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၈ ရက်တွင် ယူအေအီးကလပ် Abu Dhabi Country Club အသင်းနှင့် ဆက်လက် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# နေရှင်နယ်လိဂ် ပွဲစဉ်(၈)တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ကိုးမိနစ်တွင် ဝီလီယံက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၂ မိနစ်တွင် သက်ထွန်းအောင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ရခိုင်ယူနိုက်တက်အသင်း အခက်တွေ့ခဲ့ပြီး ပွဲချိန် ၄၆ မိနစ်တွင် ဝီလီယံကလည်းကောင်း၊ ပွဲချိန် ၄၈ မိနစ်တွင် အောင်နိုင်ဝင်းကလည်းကောင်း၊ ပွဲချိန် ၆၆ မိနစ်တွင် စအောင်ပြည့်ကိုကလည်းကောင်း ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မျိုးဆက်သစ်ဒရုန်းစစ်ဆင်မှုအတွက် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်ပြင်ဆင်မှုများ

တရုတ်နိုင်ငံသည် ပြည်ပနည်းပညာအပေါ် ကြီးမားသည့်မှီခိုမှုမရှိဘဲ ဆန်းသစ်တီထွင်နိုင်သည့် အင်အားကြီးနိုင်ငံဖြစ်ရန် ကြိုးပမ်းလျက်ရှိပြီး အဆင့်မြင့်နည်းပညာအတွက် ကမ္ဘာလုံးဆိုင်ရာဗဟိုချက်တစ်ခုအဖြစ် လုပ်ဆောင်လျက်ရှိသည်။ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် မိမိကိုယ်ကိုရပ်တည်နိုင်ရေးသည် တရုတ်နိုင်ငံ၏ အဓိကရည်မှန်းချက်တွင်ပါဝင်သည်။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကာလလယ်နှင့် ရေရှည်စီမံကိန်း ၂၀၀၆-၂၀၂၀ ကို ၂၀၀၆ ခုနှစ်က ချမှတ်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၂၀၁၅ ခုနှစ်ကလည်း Made in China 2025 အစီအစဉ်ကိုချမှတ်ခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် စစ်ဘက်နည်းပညာဖွံ့ဖြိုးရေးတွင် နှစ်ပေါင်းများစွာကြာသည်ထိ အဓိကပါဝင်သူအဖြစ်လုပ်ဆောင်ခဲ့ပြီး အဓိကအားဖြင့် ဒရုန်းနည်းပညာနယ်ပယ်တွင် ဒရုန်းအမျိုးမျိုး တီထွင်ထုတ်လုပ်မှုပါဝင်ပါသည်။

နိုင်ငံများစွာကလည်း ဤနည်းပညာနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နေချိန်တွင် တရုတ်နိုင်ငံသည်လည်း မတူကွဲပြားပြီး ခေတ်မီမော်ဒယ်အမျိုးမျိုးလုပ်ဆောင်လာခဲ့သည်။ ဝေဟင်တွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်သည့် ဒရုန်းများ (MALE)မှ အလွန်သေးငယ်သည့် ဒရုန်းများထိ တီထွင်ထုတ်လုပ်လျက်ရှိသည်။ ဤစမ်းသစ်တီထွင်မှုများသည် တရုတ်နိုင်ငံအနေဖြင့် အသေးစားဒရုန်းများမှ ကင်းထောက်မစ်ရှင်နှင့် အတိအကျတိုက်ခိုက်ရေးဒရုန်းနှစ်မျိုးစလုံး အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

ဒရုန်းများသည် ခေတ်သစ်စစ်ဆင်ရေးများ အထူးသဖြင့် ထောက်လှမ်းမှု၊ စောင့်ကြည့်မှုနှင့် ကင်းထောက်မှု (ISR)မစ်ရှင်များနှင့် အတိအကျတိုက်ခိုက်ရေးမစ်ရှင်များတွင် မဖြစ်မနေ လိုအပ်ချက်ဖြစ်လာသည်။ တရုတ်နိုင်ငံထုတ် CH-4 နှင့် Wing Loong ဒရုန်းများသည် ၎င်းတို့၏ စောင့်ကြည့်ရေးနှင့် အတိအကျတိုက်ခိုက်ရေးစွမ်းရည်များအတွက် လူသိများသည့် တိုက်ခိုက်ရေးသုံးမော်ဒယ်ဒရုန်းများဖြစ်သည်။ တရုတ်နိုင်ငံ၏ လေကြောင်းအာကာသ သိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်း(CASC)မှ တီထွင်ထုတ်လုပ်ခဲ့သော CH-4 ဒရုန်းများကို ၂၀၁၄ ခုနှစ်တွင် တပ်ဖွဲ့များ၌ စတင်အသုံးပြုလာခဲ့သည်။ ၎င်းတို့သည် ISR မစ်ရှင်များတွင် ဘက်စုံအသုံးပြုနိုင်မှုနှင့် ဝေဟင်မှ မြေပြင်ပစ်ခဲယမ်းများနှင့်အတူ တိကျစွာတိုက်ခိုက်နိုင်သည့် စွမ်းရည်များအတွက် အဖိုးထိုက်တန်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းကော်ပိုရေးရှင်း (AVIC)မှ တီထွင်ထုတ်လုပ်ခဲ့သော Wing Loong ဒရုန်းသည် ၂၀၀၉ ခုနှစ်တွင် ပထမဆုံးထုတ်လုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တပ်ဖွဲ့များ၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းဒရုန်း၏အခန်းကဏ္ဍနှင့် စွမ်းရည်များတွင် CH-4 ဒရုန်းနှင့် နှိုင်းယှဉ်နိုင်ပြီး အဆင့်မြင့် အီလက်ထရွန်နစ်စနစ်များ၊ အချိန်ကြာမြင့်စွာပျံသန်းနိုင်မှု နှင့် လက်နက်အမျိုးမျိုးတပ်ဆင်မှုများကို ကမ်းလှမ်းပေးထားသည်။

ဒရုန်းအမျိုးအစား နှစ်ခုစလုံးသည် တရုတ်တပ်မတော်၌ အသုံးပြုလျက်ရှိပြီး ပါကစ္စတန်၊ အီဂျစ်နှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့အပါအဝင် နိုင်ငံများစွာသို့ တင်ပို့ရောင်းချထားသည်။ CH-4 ဒရုန်းသည် ကုန်ကျစရိတ်သက်သာမှုနှင့် စွမ်းရည်များကြောင့် ပြည်ပဈေးကွက်တွင် အောင်မြင်မှုရရှိထားပြီး အစင်းရေ ရာနှင့်ချီထုတ်လုပ်ထားသည်။ Wing Loong ဒရုန်းသည် Wing Loong-I နှင့် Wing Loong-II ကဲ့သို့သော ၎င်း၏မျိုးကွဲများနှင့်အတူ သိသိသာသာ ထုတ်လုပ်မှုနှင့် နိုင်ငံတကာအသုံးချမှုတွင် မြင်တွေ့လာရသည်။

ထိုဒရုန်းများသည် အမြင့်ပေမီတာ ၅၀၀၀ မှ ၇၅၀၀ ထိ ပျံတက်နိုင်ပြီး ၁၄ နာရီမှ နာရီ ၂၀ ထိ ပျံသန်းနိုင်စွမ်းရှိသည်။ ကင်းထောက်မှုနှင့် တိုက်ခိုက်ရေးမစ်ရှင်များအတွက် ပစ္စည်းများကို သယ်ဆောင်နိုင်ပါသည်။ ၎င်းတို့၏ ISR နှင့် တိုက်ခိုက်ရေးစွမ်းရည်များက ခေတ်သစ် စစ်ဘက်စစ်ဆင်ရေးများတွင် မဟာဗျူဟာမြောက် စစ်ပစ္စည်းများဖြစ်လာစေသည်။ CASC မှ တီထွင်ထုတ်လုပ်ခဲ့သည့် CH-7 ဒရုန်းကလည်း တရုတ်တိုက်ခိုက်ရေးဒရုန်းများ၏ မျိုးဆက်သစ်ကို ကိုယ်စားပြုလျက်ရှိသည်။ CH-7 ဒရုန်းကို ၂၀၁၈ ခုနှစ် တရုတ်လေကြောင်းပြပွဲတွင် ပထမဆုံးပြသခဲ့ပြီး ယခုအခါ ၂၀၂၄ ခုနှစ်၌ တပ်ဆင်အသုံးပြုနိုင်ရေးရည်မှန်းချက်ဖြင့် တီထွင်နေဆဲဖြစ်သည်။



CH-7 ဒရုန်း၏တောင်ပံဒီဇိုင်းသည် ကိုယ်ပျောက်ရန်အတွက်အကောင်းဆုံးဖြစ်သည်။ ၎င်းသည် ရေဒါဖမ်းယူမှုအမှတ်အသားကိုလျှော့ချနိုင်ပြီး ကြီးမားသော အကာအကွယ်ပေးထားသည့် ဧရိယာများကို ထိုးဖောက်ဝင်ရောက်နိုင်စေမည်ဖြစ်သည်။ တောင်ပံအရှည် ၂၆ မီတာနှင့် အမြင့်ပေ ၁၅ ကီလိုမီတာထိ ပျံတက်နိုင်စွမ်းရှိသော ၎င်းကို အချိန်ကြာမြင့်စွာ ထောက်လှမ်းခြင်းနှင့် စောင့်ကြည့်ခြင်းမစ်ရှင်များအပြင် တိကျသောတိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားသည်။ ၎င်းကို ဒုံးကျည်များတပ်ဆင်ထားပြီး တန်ဖိုးကြီးရန်သူပစ်မှတ်များကို တိုက်ခိုက်ရန် အခြားလက်နက်များကို ညွှန်ပြနိုင်ပါသည်။

အဆိုပါဒရုန်းများကို တောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းစောင့်ကြည့်ခြင်းမှ နိုင်ငံတကာ မဟာမိတ်အဖွဲ့များအတွင်း အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်ရေးထိ မစ်ရှင်အမျိုးမျိုးတွင် အသုံးပြုခဲ့သည်။ CH-4 ကဲ့သို့သော မော်ဒယ်လ်များသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက် လက်နက်စနစ်များဖြစ်လာသည်။ အထူးသဖြင့် အငြင်းပွားမှုများဖြစ်ပွားနေသည့် ရေပိုင်နက်နယ်မြေများကို စောင့်ကြည့်နိုင်စွမ်းရှိစေသည်။ MALE ဒရုန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အပြိုင် တရုတ်နိုင်ငံသည် FPV ဒရုန်းများနှင့် အစုလိုက်အပြုံလိုက် ဒရုန်းအုပ်များတွင် အကြီးအကျယ်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ဤနည်းပညာများသည် လျင်မြန်သော တိုက်ခိုက်မှုမစ်ရှင်များနှင့် ရန်သူ့ကာကွယ်ရေးများ ပြည့်နှက်နေသည့်အချိန်အတွက် အထူးသင့်လျော်သည်။

အထူးသဖြင့် တရုတ်နိုင်ငံသည် ပြည်တွင်းလုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများအတွက် အသုံးပြုနိုင်ရန်ရည်ရွယ်၍ ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ FPV ဒရုန်းများကို တီထွင်ဖန်တီးကာ ပေါင်းစည်းရန် ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်လျက်ရှိသည်။ ယူနန်ပြည်နယ်ရှိ ပြည်သူ့လက်နက်ကိုင်ရဲတပ်ဖွဲ့ (PAP) မှ အသုံးပြုသည့် FPV ဒရုန်းများသည် လေ့ကျင့်ရေးအစီအစဉ်အသစ်များ၏ အဓိကအချက်ဖြစ်သည်။ ဒရုန်းတွင် တစ်ပါတည်း တပ်ဆင်ထားသည့် ကင်မရာများက မြင်ကွင်းကို အပြည့်အဝညွှန်ပြခြင်းကြောင့် အသုံးပြုသူအနေဖြင့် ဖျက်ဆီးခံရမှု၊ တိုက်ခိုက်မှုများအပါအဝင် ရှုပ်ထွေးသော လှုပ်ရှားမှုများနှင့် တိကျသောတိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်စေပါသည်။ ဤနည်းပညာသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် အမြန်နှုန်းကန့်သတ်ချက်များရှိသည့် မြို့ပြစစ်ဆင်ရေးများနှင့် လက်နက်ကိုင်သောင်းကျန်းမှု တန်ပြန်နှိမ်နင်းရေးစစ်ဆင်မှုများတွင် အထူးတန်ဖိုးရှိပါသည်။

တီထွင်ထုတ်လုပ်ထားသော FPV ဒရုန်းမော်ဒယ်များတွင် တရုတ်နိုင်ငံသည် DJI Avata ကဲ့သို့သော စနစ်များကို ကနဦးလေ့ကျင့်ရေးတွင် အသုံးပြုကာ ပိုမိုအဆင့်မြင့်သော စစ်ဘက်ဆိုင်ရာအသုံးပြုမှုများအတွက် အရပ်ဘက်နည်းပညာများကို လိုက်လျောညီထွေဖြစ်စေရန် ပြုလုပ်ထားသည်။ ထိရောက်ပြီး ကုန်ကျစရိတ်သက်သာသော လက်နက်ဖြစ်ကြောင်း သက်သေပြခဲ့သည့် ယူကရိန်းအရေးကဲ့သို့သော ပဋိပက္ခများကြောင့် FPV ဒရုန်းများကို လူသိများလာသည်။ တရုတ်၏ ကြိုးပမ်းအားထုတ်မှုများသည် ပေါင်းစပ်ညှိနှိုင်းတိုက်ခိုက်မှုများမှတစ်ဆင့် ရန်သူ့ကာကွယ်ရေးစနစ်များကို လွှမ်းမိုးနိုင်စွမ်းရှိသော စုပြုံအသုံးပြုသည့်ဒရုန်းများကို တီထွင်ထုတ်လုပ်ရန် အာရုံစိုက်လျက်ရှိသည်။ ဤဒရုန်းအမျိုးအစားသည် အနာဂတ်မညီမျှသော ပဋိပက္ခများတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နိုင်ပြီး နည်းပညာနှင့် တိကျသော တိုက်ခိုက်မှုများဖြစ်သည့်နေရာသည် အောင်ပွဲအတွက် အဆုံးအဖြတ်ဖြစ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လက တရုတ်သိပ္ပံပညာရှင်များသည် ပျံသန်းနေစဉ်တွင် ထပ်ဆင့်ဒရုန်းများစွာ ခွဲထုတ်နိုင်သည့် ဒရုန်းအမျိုးအစားသစ်ကို တီထွင်ခဲ့ပြီး ရန်သူကို နည်းဗျူဟာပိုင်းဆိုင်ရာ ထိတ်လန့်စေခဲ့သည်။ အသုံးပြုသူအဆင့် DJI multirotor နှင့်ဆင်တူသည့် ၎င်းဒရုန်းတစ်ခုစီတွင် ထောက်လှမ်းခြင်း၊ အမိန့်ပေးခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းကဲ့သို့ သီးခြားလုပ်ဆောင်ချက်များပါရှိသော အသေးစား ဒရုန်းများကို နှစ်စင်း၊ သုံးစင်း သို့မဟုတ် ခြောက်စင်းထိ ခွဲထုတ်နိုင်သည်။ Nanjing University of Aero-nautics and Astronauttics မှ ပါမောက္ခ Shi Zhiwei ဦးဆောင်သော အဆိုပါဖွံ့ဖြိုးတိုးတက်မှုသည် လေထုခွဲထုတ်ခြင်းနည်းပညာတွင် သိသာထင်ရှားသော တိုးတက်မှုတစ်ခုဖြစ်သည်။

ဤနည်းပညာ၏ အဓိကစိန်ခေါ်မှုမှာ ဒရုန်းများပေါင်းစပ်စဉ်အတွင်း ပျံသန်းမှုစွမ်းဆောင်ရည်ဆုံးရှုံးမှုဖြစ်သည်။ သို့သော်လည်း Shi ၏အဖွဲ့သည် ဤပြဿနာကိုကျော်လွှားခဲ့ပြီး သမားရိုးကျဒရုန်းများထက် ပျံသန်းမှုစွမ်းဆောင်ရည် ၄၀ ရာခိုင်နှုန်းခန့် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဤတိုးတက်မှုသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အတွက် သိသာထင်ရှားသော နည်းဗျူဟာမြောက် အားသာချက်တစ်ရပ်ကိုပေးစွမ်းနိုင်ပြီး အဆိုပါဒရုန်းများသည် ရေဒါများပြည့်နှက်နေသည့် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပေါင်းစပ်တိုက်ခိုက်မှုများပြုလုပ်ခြင်းဖြင့် ရှောင်လွှဲနိုင်စေမည်ဖြစ်သည်။

ထို့ပြင် ဤဒရုန်းအမျိုးအစား၏ အားသာချက်မှာ ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှုပ်ထွေးစေပြီး ကောင်းစွာကျော်လွှားနိုင်ခြင်းဖြစ်သည်။ ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်အနေဖြင့် ဒရုန်းဆီသို့ ဦးတည်ပျံသန်းလာချိန်တွင် ဤဒရုန်းမှ ထပ်ဆင့်ဒရုန်းများအဖြစ် ခွဲထွက်လာစေမည်ဖြစ်သောကြောင့် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ကြားဖြတ်ဖျက်ဆီးရန် လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ရန်သူ့အခြေစိုက်စခန်းများကို ထိုးဖောက်ဝင်ရောက်ခြင်း သို့မဟုတ် သတ်မှတ်အချိန်အတွင်း မဟာဗျူဟာမြောက်ပစ်မှတ်များကို ဖျက်ဆီးခြင်းကဲ့သို့သော အမြန်နှုန်းနှင့် သတိရှိမှု မရှိမဖြစ်လိုအပ်သည့် မစ်ရှင်များအတွက် ဤအစုလိုက်ဒရုန်းများကို တီထွင်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် Zhuhai Airshow တွင် တရုတ်နိုင်ငံသည် ဒရုန်း ၁၈ စင်းထိ တစ်ပြိုင်နက်ပစ်လွှတ်နိုင်သော ယာဉ်တင်ဒုံးပစ်လောင်ချာကို ပြသခဲ့သည်။

ယခုအခါ တရုတ်နိုင်ငံထုတ် ဒရုန်းများသည် သမားရိုးကျဈေးကွက်ထက် ကျော်လွန်သည့် လက်နက်ကန်ထရိုက်တာများကို ရှာဖွေခြင်းနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဆွဲဆောင်မှုရှိသော ရွေးချယ်မှုများဖြစ်လာသည်။ ဆားဗီးယားနိုင်ငံသည် တရုတ်နိုင်ငံထုတ်ဒရုန်းများကို ဝယ်ယူအသုံးပြုသည့် တစ်ခုတည်းသောဥရောပနိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က တရုတ်နိုင်ငံထုတ် CH-92A တိုက်ခိုက်ရေးဒရုန်းခြောက်စင်းကိုဝယ်ယူခဲ့သည်။

ခြုံ၍ဆိုရလျှင် တရုတ်နိုင်ငံထုတ်ဒရုန်းများသည် တရုတ်နိုင်ငံ၏ လက်နက်တင်ပို့မှုကို ကြီးထွားစေသည့် အဓိကအရင်းအမြစ်တစ်ခုဖြစ်သည်။ စတော့ဟုမ်းအခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနသိပ္ပံ(SIPRI)၏အဆိုအရ တရုတ်နိုင်ငံသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တိုက်ခိုက်ရေးဒရုန်း အစင်းရေ ၂၈၀ ကျော်ရောင်းချခဲ့ပြီး အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် တောင်အာရှတို့က ဝယ်ယူခဲ့ကြောင်း တွေ့ရှိရသည်။ တစ်ဖက်၌လည်း နည်းဗျူဟာပိုင်းဆိုင်ရာ အားသာစေမည့် ဒရုန်းများကို တီထွင်ထုတ်လုပ်ခြင်းဖြင့် ပေါ်ပေါက်လာနိုင်သည့် မျိုးဆက်သစ်ဒရုန်းစစ်ဆင်မှုများအတွက် ပြင်ဆင်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

(1) China's Strategic Preparations for Next-Generation Drone Warfare, Armyrecognition.com, August.2024

(2) China Says Developed Drone That Can Split Six Ways, The Defense Post, March 2024

မောင်ဝေလွမ်း(သုတေသီ)

# အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းကို Shwe Stream YouTube Channel မှ ထုတ်လွှင့်မည်




ရန်ကုန် ဩဂုတ် ၂၆

အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းကို ဩဂုတ်လ နောက်ဆုံးပတ်အတွင်း Shwe Stream YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းကို ထက်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန (ရာမည)၏ ဝတ္ထုကို ဖိုးကျော် (သန်လျင်) က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာ စီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖိုလျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကို Shwe Stream YouTube Channel ကနေ ထုတ်လွှင့်နေပါတယ်။ ရေတွင်းဟောင်းထဲက ရတနာသေတ္တာကိုလိုချင်တဲ့ ကျော်ကြီးတို့ သူငယ်ချင်းလေးယောက် ရေတွင်းထဲကိုကျသွားပြီး သရဲဘဝသို့ ရောက်ရှိသွားခဲ့ကြပါတယ်။ ရေတွင်းအနီး အနှောင့်အယှက်ပေးနေတဲ့ ကျော်ကြီးတို့ လေးယောက်ကို ကျွတ်လွတ်သွားစေဖို့ အောင်မြတ်သာတို့ ဆရာတပည့် သုံးယောက်က ဘယ်လိုလုပ်ဆောင်ပေးမယ်ဆိုတာ ရှုစားပေးကြပါအုံး။ ဒီဇာတ်လမ်းကိုတော့ ဩဂုတ်လ နောက်ဆုံးပတ်မှာ Shwe Stream You Tube Channel က ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ကျော်ဝင်းထွဋ်၊ မိုးဝါလေးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ၁၁ ကြိမ်မြောက် ရိုက်ကွင်းမန်နေဂျာများအသင်းဆုကို Oppenheimer နှင့် Mission Impossible: Dead Reckoning ဇာတ်ကားတို့ရရှိ

နယူးယောက် ဩဂုတ် ၂၆

၁၁ ကြိမ်မြောက် ရိုက်ကွင်းမန်နေဂျာများအသင်း ဆုကို Oppenheimer ဇာတ်ကားနှင့် Mission Impossible: Dead Reckoning ဇာတ်ကားတို့ ရရှိခဲ့ကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Oppenheimer ဇာတ်ကားသည် အကောင်းဆုံးရိုက်ကွင်းဆု(သမိုင်းနောက်ခံ)ကို ရရှိခဲ့ပြီး Paramount ကုမ္ပဏီ၏ Mission: Impossible: Dead Reckoning ဇာတ်ကားကမူ အကောင်းဆုံးရိုက်ကွင်းဆု(ခေတ်ပြိုင်ရုပ်ရှင်) ကို ရရှိခဲ့သည်။

အဆိုပါဆုပေးပွဲတွင် ရုပ်သံဇာတ်လမ်းတွဲများအတွက်လည်း အကောင်းဆုံး ရိုက်ကွင်းဆုများ ရွေးချယ်ပေးအပ်ခဲ့သည်။

နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားများ၊ ရုပ်သံဇာတ်လမ်းတွဲများ၏ ဇာတ်လမ်းရသကိုမြှင့်တင်ပေးရန်၊ ရိုက်ကွင်းများကို မီးမောင်းထိုးပြနိုင်ရေးအတွက် အကောင်းဆုံးရိုက်ကွင်းဆုများ ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဆုပေးပွဲစီစဉ်သူများက ပြောကြားသည်။

အဆိုပါဆုပေးပွဲကို လော့စ်အိန်ဂျလိစ်မြို့တော်ဘီဘာလီဟေးမြို့၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

ရန်ကုန် ဩဂုတ် ၂၆

Weflex Production က ရိုက်ကူးထုတ်လုပ်သည့် အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကားကို လာမည့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသည့် သရုပ်ဆောင် အေးချမ်းမောင်က ပြောပြ၍ သိရသည်။

အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ လွန်းထားထား၏ဝတ္ထုဇာတ်လမ်းကို အင်ကြင်းဟန်က ဇာတ်ညွှန်းခွဲထားပြီး ဒါရိုက်တာ မီးပွားက အနုပညာအကြံပေးအဖြစ် ဆောင်ရွက်ထားကာ ဒါရိုက်တာ စိုးမိုးမင်းက Weflex Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။




"ဒီဇာတ်ကားကတော့ စာရေးဆရာမ လွန်းထားထားရဲ့ နာမည်ကြီးဝတ္ထုဖြစ်တဲ့အတွက် ပရိသတ်တော်တော်များများလဲ ဇာတ်လမ်းကိုသိပြီးသားမို့ အကောင်းဆုံးဖြစ်အောင် ဇာတ်နဲ့လိုက်ဖက်အောင် အစွမ်းကုန် ကြိုးစားထားပါတယ်"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်း၊ အေးချမ်းမောင်၊ မင်းဦး၊ ဇက်ဂိုဟန်၊ မေမြင့်မိုရ် ၊ မယ်လိုဒီ၊ မေသန်းနုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Ruiner ဇာတ်ကားကို ဒါရိုက်တာ ဝပ်ဘဲ ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၂၆

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီအတွက် Ruiner အမည်ရှိ ဗီဒီယိုဂိမ်းအခြေခံ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာဝပ်ဘဲက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

Ruiner ဗီဒီယိုဂိမ်းသည် ပိုလန်နိုင်ငံအခြေစိုက် Reikon ဗီဒီယိုဂိမ်းကုမ္ပဏီ၏ ကမ္ဘာကျော်ဗီဒီယိုဂိမ်းဖြစ်ပြီး Ruiner ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်အာလန်ရော့က တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။


ဒါရိုက်တာ ဝပ်ဘဲသည် Kingdom of the Planet of the Apes နှင့် The Maze Runner ဇာတ်ကားများကဲ့သို့ ကမ္ဘာကျော်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သည်။

ဒါရိုက်တာဝပ်ဘဲသည် ဆိုနီရုပ်ရှင်ကုမ္ပဏီအတွက် The Legens of Zelsa အမည်ရှိ ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် တာဝန်ယူ ရိုက်ကူးပေးရန်လည်း စီစဉ်ထားသည်။

လက်ရှိအချိန်တွင် Ruiner ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# ဟင်္သာတမြို့နယ် ဘောင်ချောင်းရိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

ဟင်္သာတ ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်စေရန် ရည်ရွယ်၍ မြစ်မိးရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဆိပ်ကြီးကျေးရွာအုပ်စု ဘောင်ချောင်းရိုးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစ်မိးရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘောင်ချောင်းရိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘောင်ချောင်းရိုးကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ခုနစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစ်မိးရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ်သိန်း ၉၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလမှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြောပြ၍ သိရသည်။

ဇင်မာ

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects measures taken for regional peace and stability within Central Command Headquarters, visits security personnel receiving medical treatment at local military hospital


Senior General Min Aung Hlaing gives instructions on regional peace and stability measures within Central Command area.

**Nay Pyi Taw August 26**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, along with SAC member Chief of the General Staff (Army, Navy and Air), General Maung Maung Aye, Commander-in-Chief (Navy) Vice Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level officials, senior military officers from the Commander-in-Chief's Office, and responsible personnel, inspected the measures being undertaken for regional peace and stability within the Central Command Headquarters this morning.

Firstly, in the meeting hall of the Central Command Headquarters, Commander Brig-Gen Kyaw Ko Htaik presented on the ongoing security responsibilities within the Central Command, the current situation where some EAO groups and PDF insurgents are disrupting regional peace and stability, the situation of innocent civilians being brutally murdered, the planting and detonation of mines to destroy communication routes, bridges, railway tracks, and communication towers, and the continued security operations by the Tatmadaw and Myanmar Police Force to maintain regional peace and stability.

Regarding the briefings, the Senior General stated the necessity to systematically carry out regional peace and stability operations to ensure the security of the lives, property, and well-being of the people. He emphasized that the People's Militias, war veterans, and members of the Myanmar Police Force must collaborate to ensure regional security and stability. He also stressed the importance of taking long-term considerations into account when carrying out operations to ensure regional peace and stability and the smooth and secure functioning of transportation and communication. Additionally, he highlighted the need to improve the capabilities of Tatmadaw and Myanmar Police Force members and the necessity of continuously receiving security-related information. He provided guidance on other requirements related to regional security and stability.

*See Page 14*


Senior General Min Aung Hlaing comforts a patient.


Senior General Min Aung Hlaing comforts a patient.


Daw Kyu Kyu Hla presents gift to a patient.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets tutors, teachers and students at Mandalay Education Degree College

## As teachers-to-be, students of Mandalay Education Degree College have to continuously read literature to disseminate knowledge and correct thoughts to their environments



Senior General Min Aung Hlaing meets tutors, teachers and students at Mandalay Education Degree College.

**Nay Pyi Taw August 26**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the Mandalay Region Chief Minister and officials this morning visited Mandalay Education Degree College of the Teacher Training Department of the Ministry of Education and met tutors and trainees.

First, Deputy Minister for Education Dr Moe Zaw Tun, Principal of the degree college Daw Moe Moe Kyi and teachers welcomed the Senior General.

At Pyinnya Tazaung Assembly Hall of the degree college, the Senior General met with tutors and trainees. Principal Daw Moe Moe Kyi reported to the Senior General on facts about the Degree College, academic measures and needs of educational buildings.

In his discussion, the Senior General said that he was glad to meet those tutors and trainees from the degree college. According to the population and household census collected in 2014, weak points in educations sector can be seen in Myanmar. By addressing these weaknesses, it is necessary to encourage education sector without fail for building the State with good human resources. Only when number of educated human resources increase will the State develop.

**Political changes of the State**

The Senior General said that he would like to explain some points of the political changes of the State and education sector to tutors of the Degree College and trainees who would be educational staff. Tatmadaw has been shaping the State with the implementation of the multiparty democratic system the people aspire to since 2011. Joining hands with the elected government, Tatmadaw has been undertaking development of the State. In some measures to serve the interests of the State, Tatmadaw could cooperate with the elected governments but faced some difficulties in cooperation with them for initiating some issues. At a time when COVID-19 broke out worldwide in 2019, Tatmadaw suggested the government at that time to make preparations against the pandemic but it did not make preparations. When COVID-19 broke out in Myanmar, the government faced many difficulties in conducting prevention, treatment and control measures. As Tatmadaw has made preparations, necessary assistance could be given as much as possible. As it was a time to hold the election, although Tatmadaw suggested to suspend the process of election temporarily, the government did not accept the suggestion and continued the process. Depending on outbreak of COVID-19, the government at that time committed malpractices in casting votes in advance and compiling voter lists for their party to achieve victory. As the voter lists were seen with many differences in releasing the voter list after the election, political parties requested Tatmadaw to scrutinize the voter list. So, Tatmadaw scrutinized the voter lists with the help of experts, and more than 10 million of voting frauds could be found. Although Tatmadaw informed officials of solving the problems of voting errors, they did not solve it and attempted to forcibly grasp the State power by convening the Hluttaw with elected representatives based on voting frauds. So, Tatmadaw took the State responsibilities by declaring the State of Emergency under the Constitution. CEC members of NLD and chief ministers of some regions were involved in committing the voting frauds. The voting frauds led to protests and riots and then to mobbing activities changed to the armed terror acts. Due to voting frauds, it made attempts to solve the State of Emergency of the nation with armed terror acts, without using political ways. In reviewing these processes, it showed lesser educated persons of the nation. Without focusing on interests of the State, they destroy the future of the State with the armed terror acts.

**Enhancing educational capability**

Therefore, we are encouraging education to develop its skills. We are shaping the future of the country with educated human resources. In the midst of crises such as the timing of the outbreak of the Covid-19 disease and the political difficulties, efforts have been made to reopen schools and to prevent the loss of students' education rights. The government is actively promoting educational activities, and the teaching officials also need to teach all students to be able to really learn the classes. As well as being educated, they will also need to read, so the development of libraries and the promotion of reading are being carried out. By opening libraries, people, who have reached an age where they can no longer be educated, will be able to study, and acquire knowledge and skills. By opening libraries in basic education schools, children's good reading habits and reading power will improve and they will gain more knowledge and awareness.

During the course, students should learn systematically and strive to raise the level of education in the regions where they work.

At this college, teachers from all over the country come to take courses, so I would like them to think about how to improve education in their own regions. Doing so is to make the country better. In order to overcome the difficulties faced by their respective areas, they need to discuss and take action. If the reading, memorizing and discussions are to be carried out, the measures will be further improved during the four-year period. During the period of four years, the training should be carried out systematically and these exercises should be applied again during their service. Teachers must teach and train the students for physical fitness training and travelling in accordance with the rules. If learning is done in an orderly manner, the teaching will be done smoothly. Mainly, the teachers need not to be indolent in reading and they are the ones who have to carry out the re-education, so they must continuously read and study literature knowledge.

There may be language difficulties for class education in ethnic areas. As for the ethnic groups who are currently studying at the Education Degree College, when they arrive in the areas where they serve, ensure that the students are truly literate and make an effort to increase the number of grades. With high transitions, educated human resources will become abundant.

After completing the course, they need to continue to study the literature while working. In addition, they need to constantly work on studying the environment. Experiences and perspectives may vary between villages and cities, allowing individuals to adapt their work environments based on the living systems they encounter. The light of knowledge obtained from reading and studying the literature of each one of them will be able to provide a lot of support for the progress of life, and they must be able to bring light and

See Page 14

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays obeisance to Swe Taw Myat Pagoda (Mandalay)



Senior General Min Aung Hlaing pays homage to the upper left sacred tooth relic.

**Nay Pyi Taw August 26**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by their entourage and officials, paid obeisance to Swe Taw Myat Pagoda (Mandalay) at the Maha Dhammaranthi hill near Shardawlay Village in Amarapura Township in Mandalay District in Mandalay Region this morning.

First, the Senior General and wife and party were welcomed by members of the pagoda board of trustees. Then, they paid obeisance to the pagoda and offered flowers, water and lights to Buddha images before presented cash donations for all-round development of the pagoda to members of the pagoda board of trustees.

Afterward, the Senior General and party paid obeisance to the upper left scared tooth relic enshrined in the pagoda.

Then, the Senior General and party walked round the pagoda clockwise and inspected maintenance tasks for the pagoda before giving instructions on magnificence and maintenance tasks of the pagoda.

Afterward, the Senior General, wife and the party paid obeisance to Presiding Nakaya State Ovada Cariya Abhidhaja Maha Ratha Guru Abhidhama Agga Maha Saddhamajotika Agga Maha Pandita Bhaddanta Vicarinandavivamsa and asked after the health of the Sayadaw before giving instructions to official to provide the needs of the Sayadaw.

Then, the Senior General and wife offered bird's nests, nutritional supplement, cash donations to the Sayadaw. 100



Senior General Min Aung Hlaing and wife offer alms to Presiding Nakaya State Ovada Cariya Abhidhaja Maha Ratha Guru Abhidhama Agga Maha Saddhamajotika Agga Maha Pandita Bhaddanta Vicarinandavivamsa.

---

*From Page 12*

Afterward, the Senior General and party visited the local military hospital within the Mandalay Palace to meet with officers, other ranks, members of the Myanmar Police Force, and members of the People's Militias who were injured while performing their national defence and security duties. They inquired about the conditions of the injured individuals and their recovery status, engaging with them warmly and encouragingly. Based on the reports presented by the officers and soldiers, necessary assistance and support were provided.

Afterward, the Senior General and party presented honorariums and gifts to the officers, other ranks, members of the Myanmar Police Force and members of the People's Militias who were receiving medical treatment at the hospital.

Similarly, the wife of the Senior General, along with her accompanying members, visited the female ward of the hospital to encourage and offer words of support to the family members of the officers and soldiers who were receiving medical treatment. They also presented honorariums and gifts.

Later, the Senior General inquired about the hospital's needs and provided necessary assistance.

100

---

*From Page 13*

the right direction to their family and the environment in which they carry out their duties.

Education is not only teaching literature, but also knowledge and skills are also included. If you study diligently for four years, you'll gain knowledge that illuminates like a light. Students need to share the experience and knowledge they gained during the course when they enter service. Doing so is for the betterment of the country. To walk the path of a multi-party democracy that strengthens the nation, it's essential to become a disciplined people's organization and community, and for that to happen, those who will carry out the teaching responsibilities must work together. We must learn from the weaknesses that occurred in our country in the past and shape and build the future state through education. To really teach and learn the knowledge and skills taught by this college and improve their success throughout their lives, he would like to encourage everyone to take part in the role of education promotion in the country, the Prime Minister said.

Then, the Chairman of the State Administration Council, the Prime Minister and his wife donated public science books, research books, and publications and teaching aid to the Mandalay Education Degree College library, where they were received by the principal.

After that, the Prime Minister greeted the teachers and students who attended the ceremony cordially. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံက နော်ဝေနိုင်ငံကို AMRAAM-ER ဒုံးကျည်များရောင်းချရန် အတည်ပြု



အမေရိကန်နိုင်ငံက အကွာအဝေး စွမ်းဆောင်ရည်ပိုင်း အဆင့်မြှင့်တင်ထားသော AMRAAM-ER (Extended Range) ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်များနှင့် ဆက်စပ်ပစ္စည်းများ နော်ဝေနိုင်ငံကို ရောင်းချပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရောင်းချမှုကို ကာကွယ်ရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(DSCA)က ဩဂုတ် ၂၂ ရက်တွင် အတည်ပြုပေးခဲ့ပြီးနောက် ကွန်ဂရက်သို့ လိုအပ်သည်များ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ Arizona ပြည်နယ် Tucson မြို့အခြေစိုက် RTX ကော်ပိုရေးရှင်းသည် ဤဝယ်ယူရေးစာချုပ်အတွက် အဓိက ကန်ထရိုက်တာကုမ္ပဏီဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံသည် AMRAAM-ER ဒုံးကျည်အစင်း ၁၀၀ နှင့် AIM-120C-8 လမ်းညွှန်စနစ် လေးခုကို ဝယ်ယူခွင့်ပြုရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဒုံးကျည်များကို နော်ဝေနိုင်ငံရှိ NASAMS (Norwegian Advanced Surface to Air Missile System) အဆင့်မြင့် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်စနစ်တွင် ပေါင်းစပ်အသုံးပြုထားပြီး လက်ရှိနှင့် အနာဂတ်အန္တရာယ်များကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိမည်ဖြစ်သည်။

AMRAAM-ER ဒုံးကျည်သည် မြေပြင်အခြေစိုက် စစ်ဆင်ရေးများအတွက် အထူးဒီဇိုင်းထုတ်ထားပြီး တိုးမြှင့်ထားသော အကွာအဝေးနှင့် ကြားဖြတ် တိုက်ပွဲဝင်စွမ်းရည်များကြောင့် နော်ဝေနိုင်ငံ၏ လက်ရှိပိုင်ဆိုင်ထားသော AIM-120B AMRAAM ဒုံးကျည်များထက် သိသာထင်ရှားသော အဆင့်မြင့်စွမ်းအားစုတစ်ရပ်ပင်ဖြစ်သည်။

ဝယ်ယူရေးတွင် ဒုံးကျည်သို့လှောင်ထည့်သွင်းသည့် ကွန်တိန်နာများ၊ အပိုပစ္စည်းများ၊ ကန့်သတ်ဆော့ဖ်ဝဲများ၊ လေ့ကျင့်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများကဲ့သို့သော အစိတ်အပိုင်းကဏ္ဍများစွာ ပါဝင်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ နော်ဝေနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကိုလည်း အားကောင်းစေမည်ဖြစ်သည်။

AMRAAM-ER ဒုံးကျည်သည် ပိုမိုကောင်းမွန်သော ဒုံးကျည်မော်တာနှင့် ပျံသန်းမှုထိန်းချုပ်မှုဆိုင်ရာ အယ်လဂိုရီသမ်များကြောင့် ဝေးဝေးထိ မြင့်မြင့်ပျံပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ AIM-120C-8 လမ်းညွှန်စနစ်နှင့် Kongsberg Defense & Aerospace ကုမ္ပဏီထုတ် ပိုမိုကောင်းမွန်သော စနစ်ခွဲအစိတ်အပိုင်းများ တပ်ဆင်အသုံးပြုထားသည့် ဤ AMRAAM-ER ဒုံးကျည်သည် ထိရောက်စွာ တိုက်ပွဲဝင်နိုင်မှုကို စမ်းသပ်ပျံသန်းမှုများမှတစ်ဆင့် အောင်မြင်စွာ သက်သေပြသနိုင်ခဲ့ပြီး ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် ၎င်း၏အခန်းကဏ္ဍကိုအားဖြည့်ပေးနိုင်ခဲ့သည်။ နော်ဝေနိုင်ငံက AMRAAM-ER ဒုံးကျည်များကို Raytheon နှင့် Kongsberg Defense & Aerospace တို့ ပူးပေါင်းထုတ်လုပ်ထားသည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် NASAMS တွင် အသုံးပြုသွားမည်ဟုလည်း သိရသည်။

နော်ဝေနိုင်ငံသည် ၎င်း၏ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ခြင်းအပြင် ယူကရိန်းသို့ နောက်ထပ် NASAMS နှစ်စုံစာ (တစ်နည်းအားဖြင့် တပ်ခွဲနှစ်ခွဲစာ)ကို အမေရိကန်နှင့် ပူးပေါင်း၍ လွှဲပြောင်းထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့သေးသည်။

**US Approves $405 Million Sale of AMRAAM-ER Missiles to Norway** ကို ဘာသာပြန်ဆိုထားပါသည်။

---

## တူကီယဲနိုင်ငံက Anka-III ကိုယ်ပျောက်ဒရုန်းအတွက် ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်သစ်ကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့

တူကီယဲနိုင်ငံ Turkish Aerospace Industries (TAI) ကုမ္ပဏီသည် ၎င်း၏ Anka-III ကိုယ်ပျောက်ဒရုန်းအတွက် ဖွံ့ဖြိုးတိုးတက်မှု မှတ်တိုင်သစ်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ကြောင်း ဂုဏ်ယူစွာကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

X လူမှုကွန်ရက်တွင် မကြာသေးမီက ပျံသန်းစမ်းသပ်မှုအတွင်း Anka-III ကိုယ်ပျောက်ဒရုန်းသည် အဆင်းဂီယာကို ပျံသန်းမှုအလယ်လောက်တွင် အောင်မြင်စွာ ပြန်လည်ရုပ်သိမ်းနိုင် ခဲ့ကြောင်း TAI ကုမ္ပဏီက ဖော်ပြခဲ့သည်။ ယခင်ပျံသန်းမှုများအတွင်း မြေပြင်သို့ ပြန်လည်ဆင်းသက်သည့် ဒရုန်း၏ဂီယာသည် လေထုထဲတွင်ရှိနေစဉ် ပြန်လည်ရုပ်သိမ်းနိုင်ခြင်း မရှိဘဲ ဒရုန်းကိုယ်ထည်အပြင်ဘက်၌ပင် ရှိနေခဲ့သေးသည်။

TAI ကုမ္ပဏီသည် Anka-III ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသော အဆင့်ကို ကိုယ်စားပြုပြီး ဒရုန်းကိုရာနှုန်းပြည့်ထုတ်လုပ်နိုင်မှု စတင်နိုင်ရန်နှင့် တပ်ဖြန့်အသုံးပြုနိုင်စေရေးတို့အတွက် ယခင်ကထက် ပိုနီးကပ်လာနေပြီဟု ဆိုနိုင်မည်ဖြစ်သည်။

Anka-III သည်တစ်နေ့ထက်တစ်နေ့ ပိုမိုအားကောင်းလာပြီး တူကီယဲနိုင်ငံလုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စောင့်မျှော်လျက်ရှိသည်ဟု TAI ကုမ္ပဏီက တင်စားရေးသားခဲ့သည်။

အင်ဂျင်နှစ်လုံးတပ် Anka-III ဒရုန်းသည် ခေတ်မီလေကြောင်းနည်းပညာများ၊ Autopilot စနစ်နှင့် အီလက်ထရွန်နစ်၊ အနီအောက်ရောင်ခြည် ကင်မရာတို့အပါအဝင် နောက်ဆုံးပေါ်နည်းပညာမျိုးစုံကို ပေါင်းစပ်အသုံးပြုထားသည်။

၎င်း၏ Synthetic Aperture ရေဒါသည် ဆိုးရွားသောရာသီဥတုအခြေအနေများတွင် စောင့်ကြည့်ခြင်းနှင့် ထောက်လှမ်းခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိစေသည်။ ထို့ပြင် တူကီယဲနိုင်ငံထုတ် Anka-III ဒရုန်းတွင် ရန်သူ့ရေဒါများမှ ထောက်လှမ်းရန်ခက်ခဲစေသော သွင်ပြင်လက္ခဏာများ ပါရှိကြောင်း သိရသည်။

တိုက်ခိုက်ရေး ရည်မှန်းချက်တာဝန်များကို ပံ့ပိုးရန်အတွက် Anka-III သည် တိကျလမ်းညွှန်ဗုံးများမှသည် လေဆာလမ်းညွှန် ဒုံးကျည်များထိ အမျိုးမျိုးသော တိုက်ခိုက်ရေး လက်နက်ခဲယမ်းများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

Anka-III ဒရုန်းသည် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီး ၁ နာရီ ၁၀ မိနစ်ကြာ ပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။ Anka-III ဒရုန်းကို တူကီယဲနိုင်ငံ လေကြောင်းနှင့်အာကာသစက်မှုလုပ်ငန်း TAI ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်ပြီး အဆင့်မြင့်လေကြောင်းနည်းပညာများအသုံးပြုထားကာ ရန်သူ့ရေဒါများမှထောက်လှမ်းရန် ခက်ခဲစေသော ဒရုန်းအမျိုးအစားတစ်ခု ဖြစ်သည်။ အမြင့်မားဆုံး အလျင်နှုန်း 0.7 Mach ဖြင့် အမြင့်ပေ ၄၀၀၀၀ ကျော်တွင် Payload ကီလိုဂရမ် ၁၂၀၀ တင်ဆောင်၍ လေထဲတွင် ၁၀ နာရီကြာ စစ်ဆင်နိုင်စွမ်းရှိသည်။ အများဆုံးပျံတက်နိုင်သည့်အလေးချိန်မှာ ကီလိုဂရမ် ၆၅၀၀ ရှိပြီး Line-of-Sight နှင့် ဂြိုဟ်တုဆက်သွယ်ရေးထိန်းကျောင်းမှု နှစ်ရပ်စလုံးဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Anka-III ကို ထပ်မံ၍ အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ခြင်းနှင့် ခေတ်မီဆန်းသစ်သော ဝိသေသအင်္ဂါရပ်များသည် ဒရုန်းများ(UAVs)နယ်ပယ်တွင် တူကီယဲနိုင်ငံ၏ တစ်နေ့တခြား တိုးတက်ဖွံ့ဖြိုးမှုကို မီးမောင်းထိုးပြလျက်ရှိကြောင်း သိရသည်။



**Turkey's Anka-III Stealth Drone Achieves 'Important' Milestone** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံ၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ မန္တလေး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်နှင့် ဆရာ၊ ဆရာမများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကောလိပ်ရှိပညာတန်ဆောင် စုပေါင်းခန်းမ၌ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်က မန္တလေးပညာရေးဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များ၊ ပညာသင်ကြားပေးနေမှုအခြေအနေများနှင့် ပညာရေးဆိုင်ရာ အဆောက်အအုံ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မန္တလေးပညာရေးဒီဂရီကောလိပ်မှ နည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်း သူများကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုအရ မိမိတို့နိုင်ငံ၏ ပညာရေး အားနည်းချက်များကို တွေ့မြင်ရကြောင်း၊ အဆိုပါ အားနည်းချက်များကို ပြုပြင်ပြောင်းလဲပြီး လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရေး အတွက် မိမိတို့အနေဖြင့် ပညာရေးကိုမဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု

ကောလိပ်မှ နည်းပြ ဆရာ၊ ဆရာမများ၊ သင်ကြားရေးဝန်ထမ်းများ ဖြစ်လာမည့် သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍတို့နှင့် ပတ်သက်၍ အနည်းငယ်ပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများနှင့် လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများ အနေဖြင့် နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ရသည့်အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်၍ ရသည်များရှိသကဲ့သို့ အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်၌ တပ်မတော်အနေဖြင့် အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအား ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အကြံပြုခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း မရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်လာခဲ့သည့်အချိန်တွင် အစိုးရအနေဖြင့် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားခြင်းကြောင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအချိန်သည် ရွေးကောက်ပွဲပြုလုပ်ရမည့်အချိန်ဖြစ်သဖြင့် ခေတ္တဆိုင်းငံ့ထားရန် တပ်မတော်အနေဖြင့်အကြံပြုခဲ့သော်လည်း အစိုးရကလက်မခံဘဲဆက်လက်ပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိစေရေး ကြိုတင်မဲပေးရာတွင်လည်းကောင်း၊ မဲစာရင်းပြုစုရာတွင်လည်းကောင်း မဲမသမာမှုများ ပြုလုပ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံး၍ မဲစာရင်းများထုတ်ပြန်ခဲ့ချိန်တွင် မဲစာရင်းများကြီးမားစွာကွာဟမှုများ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံရေးပါတီများက တပ်မတော်မှ စိစစ်ပေးရန် နိုင်ငံရေး တောင်းဆိုမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ရာ မဲမသမာမှုမှာ ၁၀ သန်းကျော်ခန့်ရှိခဲ့ကြောင်း၊ အဆိုပါ မဲစာရင်းများ မှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများထံသို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် မဲမသမာမှုများဖြင့် ရရှိလာသည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မဲမသမာမှုများကိုလုပ်ဆောင်ရာတွင် NLD ပါတီဗဟိုအမှုဆောင်များနှင့် အချို့ဒေသများတွင်ဝန်ကြီးချုပ်များပင် ပါဝင်သည်ကိုတွေ့ရကြောင်း၊ အဆိုပါ မဲမသမာမှုဖြစ်စဉ်ကတစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ လူစုလူဝေးဖြင့်အကြမ်းဖက်မှုများ၊ ထိုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်ဖြစ်စဉ်များထိ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲမသမာမှုကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့်ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းကို သုံးသပ်ရမည်ဆိုပါက မိမိတို့နိုင်ငံ၌ ပညာတတ်များနည်းပါးခြင်းကြောင့် ဖြစ်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးကိုမကြည့်ဘဲ လက်နက်ကိုင်အကြမ်းဖက်မှုများဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ဖျက်ဆီးနေကြခြင်းပင်ဖြစ်ကြောင်း။

## ပညာရည်မြင့်မားရေး အလေးပေး ဆောင်ရွက်လျက်ရှိ

ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကိုအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများကြား၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ ပညာတတ်သကဲ့သို့ စာဖတ်ရန်လည်းလိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့် အရွယ်သို့ရောက်ရှိနေသူများအနေဖြင့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများတိုးတက်လာပြီး ဗဟုသုတ အသိအမြင်များ ပိုမိုသိရှိလာမည်ဖြစ်ကြောင်း။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "လှပသာယာပြည်မြန်မာ"ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊နေရာဒေသနှင့်လူပုဂ္ဂိုလ်များစသည်တို့ကိုဖော်ညွှန်း ရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့်ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာ အမျိုးအစားမဆိုအသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ် အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကိုတစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်း၊ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံ များ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ယခုကောလိပ်က သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို. . .




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူစဉ်။

**သင်တန်းကာလအတွင်း စနစ်တကျ သင်ယူ၍ မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသများ၌ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လို**

ယခုကောလိပ်တွင် နိုင်ငံတစ်ဝန်း နယ်ပေါင်းစုံက လာရောက်သင်တန်းတက်ကြခြင်းဖြစ်သဖြင့် မိမိတို့ဒေသအလိုက် ပညာရည်မြှင့်တင်ရေး မည်သို့ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်မည်ဆိုသည်ကို စဉ်းစားတွေးတော၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ နိုင်ငံကောင်းမွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နယ်မြေအလိုက် ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခြင်းများ၊ စည်းကမ်းနှင့်အညီ နေထိုင်သွားလာခြင်းများကို မိမိတို့သင်ကြားပေးရမည့် ကျောင်းသား၊ ကျောင်းသူများကို ထပ်ဆင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်ယူခြင်းများဆောင်ရွက်ချိန်တွင် စနစ်တကျသင်ယူသွားမည်ဆိုပါက သင်ကြားရေးကို အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စာဖတ်မပျင်းရန်လိုပြီး ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားဒေသများတွင် အတန်းပြောင်းမှုများမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများမြင့်မားခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာနိုင်မည်ဖြစ်ကြောင်း။

သင်တန်းပြီးဆုံး၍ တာဝန်ထမ်းဆောင်ရာတွင်လည်း စာပေဖတ်မှတ် လေ့လာခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ကိုလေ့လာခြင်းနှင့်ပတ်သက်၍လည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ကျေးရွာနှင့်မြို့များအလိုက် အတွေ့အကြုံများ၊ အသိအမြင်များ အနည်းနှင့်အများ ကွာခြားနိုင်မည်ဖြစ်ပြီး မိမိတို့ကြုံတွေ့ရသည့် လူနေမှုစနစ်များနှင့်အညီ မိမိတို့တာဝန်ထမ်းဆောင်ရ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကြောင်း၊ ဖတ်ရှုမှတ်သားခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက လေးနှစ်တာကာလအတွင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လေးနှစ်တာကာလအတွင်း လေ့ကျင့်ရေးများကို စနစ်တကျလိုက်ပါဆောင်ရွက်ပြီး အဆိုပါလေ့ကျင့်ခန်းများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်အသုံးချရန်လိုပညာသင်ကြားရန်အတွက် ဘာသာစကားအခက်အခဲများရှိနိုင်ကြောင်း၊ ယခုပညာရေးဒီဂရီကောလိပ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်သည့် နေရာဒေသများသို့ရောက်ရှိပါက ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်မှုရှိစေရေး၊ တန်းစဉ်ကူးသည့်ပတ်ဝန်းကျင်ကိုပြုပြင်ပေးနိုင်ကြောင်း၊ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းကရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက်များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်**ပြ

အနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ရရှိခဲ့သည့်အတွေ့အကြုံများ၊ ပညာများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **နိုင်ငံတော်ကို ခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။**

ပညာဆိုသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊အတတ်ပညာများလည်း ပါဝင်ကြောင်း၊ လေးနှစ်ကာလအတွင်း စနစ်တကျသင်ယူသွားမည်ဆိုပါက မီးအလင်းရောင်နှင့်တူသည့် ပညာများကို ရရှိမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ**တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊** ယခင်က မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်ရယူ၍ အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့်ပုံဖော်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် **ယခုကောလိပ်ကသင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များ၊ သင်ထောက်ကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦးတွေ့ရှိ

နေပြည်တော် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက် ည ၈ နာရီမှ ဩဂုတ် ၂၅ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၇၆၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်သည်။ အဆိုပါ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြည်ညို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်(မန္တလေး)အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်(မန္တလေး)အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး)အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များကို ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင် ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ လက်ဝဲအထက်စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး ကြည်ညိုဖွယ်ဖြစ်နေစေရေးအတွက် ဆောင်ရွက်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု **စာမျက်နှာ ၁၉ သို့**





မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်း၊ အားဖြည့်ဌက်သိုက်နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေများကိုမေးမြန်းလျှောက်ထားပြီး လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးထံ အားဖြည့်ဌက်သိုက်နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁)တို့တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသားမီတာ၂၀၀၀တားဆီးကျော်ပြေးပြိုင်ပွဲတို့ကိုကြည့်ရှုအားပေးရာ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် သီရိလင်း(စစ်ကိုင်း)က ၁၃ ဒသမ ၃၄ စက္ကန့်ဖြင့် ပထမ၊ အေးစန္ဒာဝင်း(မကွေး)က ၁၃ ဒသမ ၄၇ စက္ကန့်ဖြင့် ဒုတိယ၊ရွှေခရေဦး(ကရင်)က ၁၃ ဒသမ ၄၉ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် စောလဲပွဲခူ(ဧရာဝတီ)က ၁၁ ဒသမ ၂၄ စက္ကန့်ဖြင့် ပထမ၊ အောင်မျိုးဇော်(ပဲခူး)က ၁၁ ဒသမ ၂၆ စက္ကန့်ဖြင့် ဒုတိယ၊ ဇေယျာဖြိုး(စစ်ကိုင်း)က ၁၁ ဒသမ ၂၈ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ကျော်ဇင်ထွန်း(စစ်ကိုင်း)က ၆ မိနစ် ၄၄ ဒသမ ၉၆ စက္ကန့်ဖြင့် ပထမ၊ အောင်မြင့်မြတ်(ရှမ်း)က ၆ မိနစ် ၄၆ ဒသမ ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ ဟိန်းသူရအောင်(တနင်္သာရီ)က ၆ မိနစ် ၅၄ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယတို့ အသီးသီးရရှိခဲ့သည်။




ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးထွန်းအုံနှင့် ဦးအောင်ကျော်ဟိုးတို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများဖြစ်သည့် အမျိုးသမီး လုံတံပစ်၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊သုံးဆင့်ခုန်၊ မီတာ ၁၅၀၀ ပြိုင်ပွဲများနှင့် အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ လုံတံပစ်၊ မီတာ ၁၅၀၀ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယဆုရရှိခဲ့သူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ပြည့်ဖြိုးထွန်း(ရန်ကုန်)၏ စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် နိုင်လင်းထွန်း(ရှမ်း)ကိုလည်းကောင်း၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ် မူကိုဖော(ကယား)၏စံချိန် ၃၅ ဒသမ ၀၈ မီတာ ထက်ကျော်လွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် နန်းအွမ်ဆိုင်ခမ်း(ရှမ်း)နှင့် အမျိုးသမီး မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ၂၀၂၃ ခုနှစ် ဇာဇာထွန်း(မန္တလေး)၏ စံချိန် ၈ မိနစ် ၁၂ ဒသမ ၄၄ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၇ မိနစ် ၅၄ ဒသမ ၉၉ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် ခိုင်ဖူးဝေ(ရှမ်း)တို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် ရှမ်းပြည်နယ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းကိုလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

☆ ကျောဖုံးမှအဆက်

လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်သူ့စစ်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံတည်ငြိမ်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုအပ်မှုနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံအမျိုးသမီးကုသဆောင်၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူတို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အစည်းအဝေး ယခင်နှစ်ကြိမ်တွင်လည်း ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးမှ ဆုံးဖြတ်၊ သုံးသပ်ပြီး အဖွဲ့လိုက်၊ ကဏ္ဍအလိုက် စတင်ဖွဲ့စည်း၍လာမည့် စက်တင်ဘာလတွင် ကြိုတင်ပြင်ဆင် လေ့ကျင့်ရန် ဆုံးဖြတ်ထားပါကြောင်း၊ မိမိကဏ္ဍအလိုက်၊ အဖွဲ့အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေး၍ မိမိတို့ကော်မတီက အတည်ပြုကာ တာဝန်ခွဲဝေလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာပညာရှင်များနှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းသို့ သွားရောက်လေ့လာပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရအပြည့်ဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ပြီး အားကစား အဆင့်အတန်းမြင့်မားရေးအတွက် ကျင်းပမည်ဟု ပြောကြားပါကြောင်း၊ အမျိုးသားအားကစားပွဲတော်ကို ခမ်းခမ်းနားနားကျင်းပခြင်းမှာ ပြည်သူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်များနိုးကြားလာစေရေးနှင့် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ယခုအားကစားပွဲတော်သည် နိုင်ငံတော်နှင့်ပြည်သူများအတွက် အရေးပါအလေးနက်ထားရမည့် အခမ်းအနားတစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်းသယ်ဆောင်ခြင်းအစီအစဉ်၊ အခမ်းအနားအစီအစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာများ အချိန်မီတင်ပြနိုင်ရေး၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အပါအဝင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကျောင်းသား၊ကျောင်းသူများ၏ (Performance)သရုပ်ဖော်အကအလှများ ဆောင်ရွက်ထားရှိမှု၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့်အစီအစဉ်၊ ဖွင့်ပွဲ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးဆောင်ရွက်ထားရှိမှုစသည်ဖြင့် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော် ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# (၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဆက်လက်တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် Buriram Chang Arena ၌ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံ အစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးကို "ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး" ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် ထိုင်းနိုင်ငံက ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများနှင့် + ၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ ဒစ်ဂျစ်တယ်ပညာရေးစနစ်ဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံ + ၃ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်ပညာရေးစနစ် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်နှင့် အာဆီယံနိုင်ငံများအားလုံးက နိုင်ငံအလိုက် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ အဆိုပါ အစည်းအဝေးမှ ပူးတွဲကြေညာချက်တစ်ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယား၊ ရုရှား၊ အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် နိုင်ငံအလိုက် ဒစ်ဂျစ်တယ်ပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဒစ်ဂျစ်တယ်ပညာရေးစနစ် ပူးပေါင်းဆောင်ရွက်မှုများကို အကြံပြုချက်များနှင့်အညီ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။ယခုအစည်းအဝေးမှ ပူးတွဲကြေညာချက်တစ်ရပ်ကို အတည်ပြုခဲ့ကြပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးအပြီးတွင် အိမ်ရှင်ထိုင်းနိုင်ငံက ခင်းကျင်းပြသထားသော ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်လမြိုင်မြို့ ရှမ်းစုရပ်ကွက်ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရှမ်းစုရပ်ကွက် ဆင်ဖြူစာသင်တိုက်ရှိ သံဃာတော်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၈၆ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆင်ဖြူစာသင်တိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကန့်ဘလူမြို့နယ်မှ ပြည်သူ လေးဦးကို ဖမ်းဆီးပြီး သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လှို့ဆော်ဝါဒဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဦးကင်းကြည်ကျေးရွာကို ဩဂုတ် ၂၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ လေးဦးကို ဖမ်းဆီးကာ သုံးဦးကို သတ်ဖြတ်ခဲ့ကြောင်းနှင့် ၎င်းကျေးရွာမှ နေအိမ် ငါးလုံးကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှို့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၅ ရက်က ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၃၀၀၀ ခန့်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လိုက်လံရှင်းလင်းခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမား အလောင်းသုံးလောင်း၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်တစ်တောင့်ထိုး နှစ်လက်နှင့် လက်လုပ်စိန်ပြောင်းဗုံးသီး ငါးလုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသားပြီး လူမှုကွန်ရက်များတွင် လှို့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**နှင့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**နှင့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံရေးအကြောင်းပြ ဖောက်ခွဲဖျက်ဆီးခံနေရသော ပြည်သူပိုင် ရထားလမ်းနှင့် လမ်းတံတားများ”** ခေါင်းစဉ်ဖြင့် ၂၈-၈-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထား တိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# သဇင်(FM) အသံလွှင့်အစီအစဉ်

၂၇-၈-၂၀၂၄ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@phoo.pwint.thaw.k” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ခတ္တိယကမ်းနားကျေးရွာနေ ဌေးဌေး(ခ)ရွှေဌေးအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ “Hninyu maw” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပန်းတနော်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ နှင်းယုမွန်အား ညနေ ၅နာရီခွဲတွင်လည်းကောင်း၊“Kaungmalay”Face-bookအကောင့်နှင့် “@nwelay 123417” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက်(မြို့သစ်)နေ အေးအေးနွယ်(ခ)မနွယ်အား ည ၇ နာရီ ၄၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# လှည်းကူးမြို့နယ် ကမ္ဘာနိမ္မာန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



လှည်းကူး ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ကမ္ဘာနိမ္မာန်ကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်စီမံကိန်းတာဝန်ခံက စီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် အတိုးအရင်းပေးဆပ်ရန် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကမ္ဘာနိမ္မာန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

လှည်းကူးမြို့နယ် ကမ္ဘာနိမ္မာန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင်စတင် ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ စီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ကျေးရွာသားများမိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အိပိုးပိုး

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပိန်း ၂၅၅ ဧက စိုက်ပျိုးပြီးစီး

မြောင်းမြ ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပိန်း ၂၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပိန်း ၂၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပိန်း ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''မြောင်းမြမြို့နယ်အတွင်းမှာ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပိန်း ၂၅၅ ဧကလျာထားပြီး စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ ပိန်းပင်တွေ ဥအထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ တစ်ကေချင်း အထွက်ညီစေဖို့ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပိန်းများ အပါအဝင် မိုးသီးနှံများရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းညီစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှု မှန်ကန်စေရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

ကျော်ကျော်လင်း

# ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

ပျော်ဘွယ် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် အရှေ့လျှော်ဖြူကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ အရှေ့လျှော်ဖြူကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာ၌ အရှည် ၅၉၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၃၈ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် အရှေ့လျှော်ဖြူကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၁၉၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

ဝတ္ထုတိုကဏ္ဍ

# ရောင်ပြန်

ပိုင်ဆု(ပညာရေး)



(၁)

"အဖေ သားတို့ ဆရာလေးကို တစ်ရက်လောက် ထမင်းဖိတ်ကျွေးရအောင်လားဟင်"

သားဖြစ်သူ ဇော်ထွေး၏စကားကြောင့် ပိုက်ဖာနေရင်းဖြင့် သက်ပြင်းချလိုက်မိသည်။ တစ်ပြိုင်နက်တည်းပင် သူ၏အကြည့်များသည် အိမ်ရှေ့တည့်တည့်တွင်ရှိသော မြစ်ပြင်ဆီသို့ သက်ရောက်သွားသည်။

"အဖေ သားပြောတာကြားလားဟင်"

"ဩော်... အေး အေး ကြားပါတယ်ကွ"

"ကြားတယ်ဆိုပြီး အဖေက ဘာမှပြန်မပြောလို့လေ။ နောက်ပြီး ကျောင်းမှာက ဆရာလေးကို အကုန်လုံးထမင်းဖိတ်ကျွေးပြီးပြီ။ သားတစ်ယောက်ပဲ ကျန်တော့တာ"

"အေးပါ သားရယ် အဖေကြိုးစားပါ့မယ် ဟုတ်ပြီလား။ ကဲ အဖေ ပိုက်ဖာလိုက်အုံးမယ်"

သားဖြစ်သူ၏ဆန္ဒကို နားလည်သဘောပေါက်သလို သူကိုယ်တိုင်သည်လည်း ဆရာလေးကို တစ်ရက်လောက်တော့ ထမင်းဖိတ်ကျွေးချင်မိသည်။ သို့သော်လည်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်နိုင်ခဲ့သေးပေ။

ကျော်ဦးသည် ဇနီးဖြစ်သူ အေးသီတာ ဆုံးပြီးသည့်နောက်ပိုင်း သားဖြစ်သူ ဇော်ထွေးနှင့်ပင် အဖေတစ်ခုသားတစ်ခုဘဝအဖြစ် ရပ်တည်ခဲ့သည်။ အလုပ်အကိုင်ကတော့ မည်မည်ရရမရှိ။ တံငါရွာတွင်နေထိုင်တော့ ငါးဖမ်း၊ ပိုက်ချ စသည်ဖြင့်သာ ဘဝကို ရပ်တည်သည်။ ဆရာလေးစည်သူသည် သူတို့တံငါရွာရှိ မူလတန်းစာသင်ကျောင်းလေးသို့ မနှစ်ကမှ တာဝန်စကျခဲ့သော ကျောင်းဆရာလေးဖြစ်သည်။ ရွာထဲရှိမိဘများရော ကလေးများပါ ပညာရေးကို အလေးအနက်မထားခဲ့ပေ။ မဖြစ်မနေမို့ ကျောင်းတက်၊ ကျောင်းထားကြသော်လည်း တက်ချင်တက်မည်၊ ပျက်ချင်ပျက်မည်ဆိုပြီး အပျော်သဘောဖြင့်သာ ကျောင်းကို သတ်မှတ်ခဲ့ကြသည်။ ကျောင်းအုပ်မရှိဘဲ ရွာခံဆရာမနှစ်ဦးဖြင့်သာ အဆင်ပြေအောင်ဖွင့်လှစ်နေရသောကျောင်းလေးသည် ဆရာလေးစည်သူ ရောက်လာပြီးသည့်နောက်ပိုင်း ပြောင်းလဲမှုများဖြစ်ခဲ့ရသည်။ ဆရာလေး၏ ကျောင်းအပေါ် စေတနာထားမှု၊ ရပ်ရွာအပေါ်စေတနာထားမှုများကြောင့် မိဘများပါ ပညာရေးကိုအားပေးလာကြကာ ကျောင်းတက်ပျင်းပြီး ငါးဖမ်း၊ ပိုက်ချ၊ မြှုံးထောင်နေသော ကလေးများသည်ပင် ကျောင်းနေပျော်ပြီး ကျောင်းတက်မှန်လာကြသည်။

(၂)

"ကျော်ဦးရေ မနက်ကျ ပိုက်ချသွားမလို့ လိုက်အုံးမှာလား"

အနီးသို့ရောက်လာသော နိုင်ထွန်းကြောင့် ပိုက်ဖာနေရင်းတွေးနေသောအတွေးစများ ပြတ်တောက်သွားသည်။

"မလိုက်တော့ပါဘူးကွာ။ ပိုက်ကလဲ ဖာလို့မပြီးသေးဘူး။ မနက်မှပဲ ကျားသွားထောင်တော့မယ်"

ကျားထောင်သည်ဆိုသည်မှာ သူတို့၏ ဒေသအခေါ်အဝေါ်အရ ပုစွန်ထောင်ဖမ်းခြင်းဖြစ်သည်။

"အေး အေး ငါတို့အိမ်မှာ မနက်ဖြန်ညနေ ဆရာလေးကို ထမင်းဖိတ်ကျွေးမလို့လေ။ မနက်ဖြန် ငါးလေးဘာလေးရရင် ဈေးတက်ပြီး ကြက်သား၊ ဝက်သားလေး ဝယ်ရအောင်လို့ပါ။ ငါး၊ ပုစွန်တွေက ဆရာလေးအတွက် ရိုးနေပြီလေ"

နိုင်ထွန်းပြောသည်မှာလည်း မှန်သည်။ ထို့ကြောင့် ဘာမှပြန်မပြောတော့ဘဲ ပိုက်ဆက်ဖာနေလိုက်သည်။ နိုင်ထွန်း၏သားသည် သူ့သားဇော်ထွေးနှင့် အတန်းတူ စတုတ္ထတန်းကျောင်းသားဖြစ်သည်။ ကျောင်းရှိသူငယ်ချင်းများ တစ်လှည့်စီ ဆရာလေးကို ထမင်းဖိတ်ကျွေးနေကြခြင်းကြောင့် သားဖြစ်သူ ဇော်ထွေးလည်း ဆရာလေးကို ထမင်းဖိတ်ကျွေးချင်သည်မှာမဆန်းပေ။ အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်ရင်း ပိုက်ဆက်ဖာနေလိုက်တော့သည်။

"အဖေရေ သားဗိုက်ဆာလို့ ထမင်းစားမလို့ ဘာရှိလဲဗျ"

"မီးဖိုထဲမှာ ငါးနှစ်ကောင် မီးဖုတ်ထားတာရှိတယ် တစ်ကောင်ယူစားလိုက်။ စားပွဲပေါ်မှာ ငါးပိထောင်းလဲရှိတယ်"

အိမ်ပေါ်ကနေ လှမ်းမေးလိုက်သော သားဖြစ်သူကိုပြန်ဖြေလိုက်ရင်း ရင်ထဲတွင် ဝမ်းနည်းသလိုဖြစ်မိသည်။ အဖေတစ်ခုသားတစ်ခုဘဝမို့ ငါးဖမ်းခြင်းကိုလည်းစီးပွားဖြစ်မလုပ်ဘဲ အနေအစားမပျက်လောက်အောင်ပင် ရှာဖွေခဲ့သည်။ ဇော်ထွေးသည်လည်း ငါးရှာ၊ ဖားရှာတတ်ပြီမို့ စားရေးသောက်ရေးအတွက် စိတ်ပူစရာမလိုတော့ပေ။ ယခု ပိုက်ဖာနေခြင်းမှာ ဆရာလေးကို ထမင်းဖိတ်ကျွေးချင်သည့်အတွက် မသုံးတာကြာပြီဖြစ်သော ပိုက်အဟောင်းကို ပြင်ဆင်နေခြင်းသာဖြစ်သည်။

(၃)

"ဆရာလေး နေကောင်းလား။ ခြေထောက်ကော အဆင်ပြေပြီလား"

"ဟုတ်ကဲ့ အဘထွန်း။ ခြေထောက်က တစ်နှစ်တောင်ရှိပြီဆိုတော့ ဘာမှမဖြစ်တော့ပါဘူး။ ဒါပေမဲ့ ထော့နဲ့ထော့နဲ့ဖြစ်သွားတာတော့ အမှတ်တရပေါ့ဗျာ။ ဟဲဟဲ"

"ဟုတ်တယ်ဗျာ ဆရာလေးလမ်းလျှောက်တာမြင်တိုင်း ဆရာလေးကို အားနာမိတာတော့ အမှန်ပဲဗျာ"

"ရပါတယ်ဗျာ ဖြစ်ဖို့ကံပါလာလို့ဖြစ်တာပါပဲ။ ကျွန်တော်စိတ်ထဲမထားပါဘူး။ ကဲ ကျောင်းနောက်ကျတော့မှာမို့ သွားလိုက်အုံးမယ်အဘထွန်းရေ"

ကျောင်းသို့သွားရင်း လမ်းတွင်နှုတ်ဆက်သော အဘထွန်းကို ဖော်ရွေစွာပြန်လည်ပြောကြားပြီး ကျောင်းသို့ လျှောက်လာခဲ့တော့သည်။ မြစ်ကမ်းဘေးတွင်တည်ရှိသောရွာလေးမို့ မြစ်ရေပြင်ကို အတိုင်းသားမြင်နေရသည်။ မနှစ်က ကျောင်းသို့ တာဝန်စကျစဉ်က ဆရာလေးကို အမြင်မကြည်သူတစ်ဦးက ညဘက်ဆရာလေးအပြင်ထွက်သည့်အချိန် ရိုက်နှက်ရာမှ ခြေထောက်ထိခိုက်သွားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတာဝန်ရှိသူများက စုံစမ်းစစ်ဆေးပြီး အရေးယူမည်ဟု ပြောခဲ့ကြသော်လည်း ဆရာလေးဘက်က ကျေအေးပေးပြီး ပြဿနာမဖြစ်အောင်တောင်းဆိုခဲ့သည်။ ဆရာလေး၏ ခြေထောက်တစ်ဖက် ဒဏ်ဖြစ်သွားရာမှ လမ်းလျှောက်လျှင် ပုံမှန်အတိုင်းမဟုတ်တော့ဘဲ အဆင်မပြေဖြစ်ခဲ့ရသည်။

"မင်္ဂလာပါ ဆရာလေး"

"အေး မင်္ဂလာပါ မောင်ဇော်ထွေးရေ"

ဆရာလေးနှင့် မောင်ဇော်ထွေးတို့ ကျောင်းသွားသည့်လမ်းတွင် ဆုံတွေ့ခြင်းဖြစ်သည်။ မောင်ဇော်ထွေးသည် ဆရာလေးကို တစ်ခုခုပြောချင်ပုံဖြစ်နေသောကြောင့် ဆရာလေးကပင် စ မေးလိုက်သည်။

"မောင်ဇော်ထွေး ဘာများပြောချင်နေလို့လဲကွ"

"ဟုတ်ဆရာလေး။ မနက်ဖြန်ညနေ သားတို့အိမ်မှာ ဆရာလေးကို ထမင်းစားဖိတ်ချင်လို့။ အဲဒါပြောမလို့ပါ"

"ဩော်...သားရယ် ဆရာက အဆင်ပြေပါတယ်။ ဆရာ့ကို အခုလိုထမင်းခေါ်ကျွေးနေကြတော့ ဆရာ့အတွက်အလုပ်ပိုတယ်လေ။ ဒါနဲ့ သားတို့အိမ်ကော အဆင်ပြေလို့လား သားအဖနှစ်ယောက်တည်းဆိုတော့ ဆရာ့အတွက် ဒုက္ခမရှာပါနဲ့ကွာ"

"ဟုတ် ပြေပါတယ်ဆရာလေးရဲ့။ အဖေ ဒီနေ့မနက်ပဲ ပိုက်ချသွားပြီလေ အဆင်ပြေမှာပါဆရာလေးရယ်။ ဆရာလေးလာမယ်မဟုတ်လားဟင်။ အဖေက ဆရာလေးကို ထမင်းကျွေးချင်လွန်းလို့ ပိုက်ကိုပြင်ပြီး တကူးတကငါးဖမ်းထွက်တာမို့ပါ ဆရာလေး"

ဆရာလေးဘာမှဆက်မပြောတော့ဘဲ မောင်ဇော်ထွေး၏ ခေါင်းကိုကိုင်လိုက်ရင်း သက်ပြင်းချလိုက်တော့သည်။

(၄)

မြစ်ဆိပ်တွင် အုတ်အော်သောင်းတင်းဖြစ်နေသောကြောင့် ဆရာလေး ကမန်းကတန်းပြေးလွှားသွားကြည့်လိုက်သည်။ မြစ်ဆိပ်တွင် စိုးရိမ်ပူပန်ခြင်းများဖြင့် ကိုကျော်ဦးအပါအဝင် ရွာသူ၊ ရွာသားတချို့ကို တွေ့လိုက်ရသည်။

"ကိုကျော်ဦး ကိုကျော်ဦး ဘာဖြစ်လို့လဲဗျာ"

"ဆရာလေးတပည့် မြစ်ထဲကိုမနက်အစောကြီးထွက်သွားလို့ဗျ"

"ဗျာ ဘယ်လို ဟုတ်ရဲ့လားဗျာ"

**❖ကျောင်းသို့သွားရင်း လမ်းတွင်နှုတ်ဆက်သော အဘထွန်းကို ဖော်ရွေစွာပြန်လည်ပြောကြားပြီး ကျောင်းသို့ လျှောက်လာခဲ့တော့သည်။ မြစ်ကမ်းဘေးတွင် တည်ရှိသောရွာလေးမို့ မြစ်ရေပြင်ကို အတိုင်းသားမြင်နေရသည်။ မနှစ်က ကျောင်းသို့ တာဝန်စကျစဉ်က ဆရာလေးကို အမြင်မကြည်သူတစ်ဦးက ညဘက် ဆရာလေးအပြင် ထွက်သည့်အချိန် ရိုက်နှက်ရာမှ ခြေထောက်ထိခိုက်သွားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတာဝန်ရှိသူများက စုံစမ်းစစ်ဆေးပြီး အရေးယူမည်ဟုပြောခဲ့ကြသော်လည်း ဆရာလေးဘက်က ကျေအေးပေးပြီး ပြဿနာမဖြစ်အောင် တောင်းဆိုခဲ့သည်။ ❖**

စာမျက်နှာ ၂၅ သို့ ➤

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၇၂၃ ဧက စိုက်ပျိုးပြီးစီး



**ခင်ဦး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၇၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ၄၇၇၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲ ဧက ၄၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

(၂၀၆)

# ဟိုပုံးမြို့နယ် ခူးဟန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ဟိုပုံး ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လုံပေးကျေးရွာအုပ်စု ခူးဟန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ခူးဟန့်ကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွှန့်**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟုတ်တယ် မနေ့ညက ကျွန်တော်ငါးဖမ်းပြန်လာတာ အဆင်မပြေခဲ့ဘူး။ အဲဒါ ဆရာလေးကို ထမင်းဖိတ်ကျွေးဖို့ အဆင်မပြေမှာစိုးလို့ ဆိုပြီး မနက်အစောကြီး ကျွန်တော်မသိအောင် မြစ်ထဲဆင်းသွားရဲ့ဗျာ။ လှေပါယူသွားတယ်။ သူက လှေမကျွမ်းသေးဘူးဗျ"

"ကဲ လာဗျာ စာသင်ကျောင်းဘက်လိုက်ခဲ့ဗျာ"

သူ၏ပခုံးကိုကိုင်ရင်း စာသင်ကျောင်းဘက်ခေါ်သွားသော ဆရာလေးကြောင့် ကိုကျော်ဦးအပါအဝင် တစ်ရွာလုံးအံ့အားသင့်နေခဲ့သည်။ စာသင်ကျောင်းရှေ့ရောက်သောအခါ ကျောင်းသို့မဝင်မီမှာပင် ဆရာလေးရော ကိုကျော်ဦးပါ ရပ်လိုက်ကြသည်။ ကျောင်းပိတ်ရက်မို့ မည်သူတစ်ဦးတစ်ယောက်မျှမရှိ။

"ဆရာလေး ကျွန်တော့်ကို ဘာလို့ကျောင်းကို ခေါ်လာတာလဲ"

"မနက်က ကျွန်တော် မောင်ဇော်ထွေးနဲ့မြစ်ဆိပ်မှာ ဆုံခဲ့ပြီးပြီ"

"ဗျာ"

"ဟုတ်တယ်။ သူမြစ်ဆိပ်ကနေ လှေပေါ်မတက်ခင် ကျွန်တော် နားလည်အောင်ပြောပြီး ကျောင်းကို ခေါ်လာခဲ့တာပါ။ သူ အခု ကျောင်းမှာ ရှိပါတယ်။ လှေက အဘထွန်းတို့သွားစရာရှိလို့ ခဏငှားသွားတာပါ"

"တကယ်လားဆရာလေး တော်ပါသေးရဲ့ဗျာ။ ကျေးဇူးတင်လိုက်တာ ဆရာလေးရယ်"

"ရပါတယ်ဗျာ"

"ကျွန်တော် ဆရာလေးကို တောင်းပန်ပါတယ်ဗျာ"

"ဘာဖြစ်လို့လဲ ကိုကျော်ဦးရ"

"တကယ်တော့ ကျွန်တော် မနေ့ကငါးတွေရပြီး ရောင်းခဲ့ရပါတယ်။ ဆရာလေးကိုစေတနာရှိပေမဲ့ ကိစ္စတစ်ခုကြောင့် ဆရာလေးနဲ့ မျက်နှာချင်းဆိုင်ရမှာအားနာတာကြောင့် အခုလို သားလေးကို ညာခဲ့ရတာပါ"

သူ၏ရင်ထဲတွင် မျိုသိပ်ထားရသော အကြောင်းတရားများကို တစ်လက်စတည်းဝန်ခံရန် ကိုကျော်ဦး ဆုံးဖြတ်လိုက်သည်။ တကယ်တော့ ဆရာလေးဒီရွာကိုရောက်စဉ်က နေရာတကာပါလွန်း၍ ကြည့်မရသောကြောင့် ညဘက်တွင် ခြေထောက်ကိုချောင်းရိုက်ခဲ့သူမှာ သူကိုယ်တိုင်ပင်ဖြစ်သည်။ ဆရာလေးကျေနပ်သည်ထိ တောင်းပန်ရန်ပြောမည်အပြုမှာပင် ဆရာလေးသည် လက်ကာပြလိုက်သည်။

"ကျွန်တော် အားလုံးကိုသိပါတယ်ဗျာ။ ဘာမှစိတ်ထဲမရှိပါဘူး။ ကဲ သားလေးမောင်ဇော်ထွေးဆီကို သွားရအောင်"

ဆရာလေးသည် ပြောရင်းနှင့်ကျောင်းတွင်းသို့ ဝင်သွားလိုက်သည်။ ကိုကျော်ဦး၏ရင်ထဲတွင် ရှက်ရွံ့ခြင်း၊ အားနာခြင်းများပြည့်နှက်နေသည်။ ဆရာလေးအပေါ် အမှားအယွင်းများကျူးလွန်ခဲ့သော်လည်း ဆရာလေး၏ မပြေယ်လွင့်သောရောင်ပြန်မေတ္တာ၊ လေးစားဖွယ်ကောင်းသောသည်းခံစိတ်များကို မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် သူ၏အမှားများကို အမှန်ပြင်ဆင်ရင်း ရွာကျောင်းလေးအတွက် သူ၏ပေးဆပ်မှုများ ရောင်ပြန်ထင်ဟပ်စေရတော့မည်ဟုဆုံးဖြတ်ကာ ဆရာလေးနှင့်အတူ ကျောင်းတွင်းသို့ ဝင်သွားလိုက်ပါတော့သည်။

## ကြင်နာစိတ်ထားပါ

\- အကြင်နာ စိတ်မြတ်ထား
မေတ္တာပွား နေထိုင်ကွယ်၊
ရိုးသားသူ လူသားတိုင်း
သမိုင်းလှတယ်၊
အမုန်းကင်း ချစ်ခြင်းသွယ်
လှ့ဘောင်ဝယ် ခရီးဆက်၊
စာနာကွယ် လူသားချင်းကို
ရိုင်းပင်းကူလျက်။

\- ကရုဏာ ရင်လွှာယှက်၍
အကြင်နာလက် ပေးကမ်းလေ၊
ကြီးငယ်မဟူ ရွယ်သုံးပါး
လေးစားကာနေ၊
လူ့ကျင့်ဝတ် လိုက်နာစေ
ပျူငှာဖော်ရွေ အမြဲတမ်း၊
စာရိတ္တကို ကောင်းအောင်မြှင့်
ဂုဏ်ဆင့်လျှောက်လှမ်း။

\- အကြင်နာ ရင်မှာလွှမ်းလို့
ဆင်ကာမြန်း ထာဝစဉ်၊
အမျက်မာန် ဒေါသကင်း
သန့်ရှင်းစိတ်တွင်၊
လူလူချင်း အပြစ်မမြင်
ချစ်ခင်စွာ နေထိုင်ပေး၊
အတ္တရှောင် ပရအလုပ်ကို
အားထုတ်စေလေး။ ။

**လမင်းခန့်(ပညာရေး)**

# မိုးညိုမြို့နယ် တော်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးညို ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေဖြင့် တော်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက တော်ပြန်ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

တော်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၆၀၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းနှင့် Slab Culvert တစ်စင်း၊ Pipe Culvert ခုနစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စု (မွမ်းမံ)ရန်ပုံငွေကျပ် ၈၇ ဒသမ ၆၃၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိုးညိုအောင်ကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက တော်ပြန်ကျေးရွာရှိ အိမ်ခြေ ၁၃၃ အိမ်မှ လူဦးရေ ၃၄၁ ဦးတို့၏ စိုက်ပျိုးဧက ၄၅၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# လူငယ်နှင့်အောင်မြင်မှု

ဆင်မြူယယ်ဂျမ်း(ပုသိမ်)

"ကျွန်ုပ်တို့မျိုးဆက်၏ အကြီးကျယ်ဆုံးသော တွေ့ရှိချက်တစ်ရပ်ကား လူသည် မိမိစိတ်သဘောထားကို မိမိပြောင်းလဲလိုက်ခြင်းအားဖြင့် ဘဝတစ်ခုလုံးကို အမှန်တကယ်ပြောင်းလဲနိုင်သည်ဟူသော အချက်ပေတည်း"

ဝီလျှမ်ဂျိမ်း(စ်)(၁၈၄၂-၁၉၁၀)
အမေရိကန်စိတ်ပညာပါမောက္ခ

အနာဂတ်ကို အမှန်တကယ်ပိုင်စိုးကြသူများမှာ ယနေ့လူငယ်များဖြစ်ကြ၏။ အနာဂတ်ကို ဖန်တီးစီမံကြမည့်သူမှာလည်း သူတို့ပင်ဖြစ်၏။ လူငယ်ကို ပျိုးထောင်ဖို့ရာကိစ္စသည် ကျွန်ုပ်တို့အားလုံး၏ အနာဂတ်ကို တည်ဆောက်ထူထောင်ကြခြင်းပင် ဖြစ်၏။ ဒါကို သိမြင်လက်ခံပါရဲ့လား။

ယနေ့ မိဘများတွင်လည်း တာဝန်ရှိကြသည်။ ဆရာ၊ ဆရာမများတွင်လည်း တာဝန်ရှိကြသည်။ ပြည်သူ့ကိုယ်စားလှယ်အမတ်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ အားလုံးသည် လူငယ်များကို မည်သို့သင်ကြားလေ့ကျင့်ပြီး ပြုစုပျိုးထောင်နေကြပါသနည်း။ အလေးထားကြပါရဲ့လား။

အခြေခံအကျဆုံးက လူငယ်များ၏ စိတ်သဘောထားကို ပြောင်းလဲအောင် အားပေးကြရမည်။ ဘာက ဘယ်လိုပြောင်းလဲစေရမှာလဲ။ ငါတို့ဘဝကို သာယာလှပသော အနာဂတ်လူ့ဘောင်တစ်ရပ်အဖြစ် ထူထောင်နိုင်သောသူများ၊ အရည်အချင်းမြင့်မားသောသူများအဖြစ် သူတို့ကိုယ်ကို သူတို့ယုံကြည်အောင် မြေတောင်မြှောက်ပေးကြရမည်။ "အသုံးမကျတဲ့သူ"၊ "အတဲ့သူ"၊ "မိုက်ကန်းတဲ့ကောင်"၊ "အလကားကောင်"စသည်ဖြင့် အညွန့်ကျိုးအောင် ချိုးနှိမ်သောစကားမျိုးကို လုံးဝမကြားဖူးစေရ။ "သားတို့ကအားကိုးရတယ်။ သမီးတို့ခေတ်မှာ တကယ်ပဲ ပျော်ရွှင်စရာခေတ်ကောင်းကြီးကို ထူထောင်နိုင်ကြမယ်" စသည်ဖြင့် နားဝင်အောင် ပြုပြင်ကြရမည်။ သူတို့ကိုယ်ကိုသူတို့ ယုံကြည်ကြရမည်။

တကယ်လည်းမှန်သည်။ လူမျိုးချင်း မူလဘာမျှ မကွာ။ သူ့ကို ခြသေ့်စိတ်သွင်းပေးပါက ရဲရင့်သွားမည်။ သူ့ကို ယုန်ကလေးလို ပွတ်ပေးနေပါက မျက်လုံးလေးကလယ်ကလယ်နှင့် ကြောက်ရွံ့လွယ်သော ယုန်လိုသတ္တဝါမျိုးပဲ ရှိနေလိမ့်မည်။ ချစ်ရုံမျှနှင့် မပြီးကြ။

အောင်မြင်မှုဆိုသည်က အောင်ပွဲတစ်ခုမဟုတ်။ အောင်မြင်မှုသည် ဘဝတစ်လျှောက်လုံးပင် လောကကောင်းကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိအောင် နိုင်ငံ၊ လူမျိုး၊ ဆွေမျိုးမိဘတို့၏ ကောင်းကျိုးကိုတာဝန်သိစွာထမ်းဆောင်တတ်အောင်၊ မိမိကိုယ်ကို တန်ဖိုးရှိသူဖြစ်အောင် ပျိုးထောင်ဖြည့်ဆည်းပြီး မြင့်တင်တတ်အောင် လမ်းဖြောင့်ဖြူးခြင်းဖြစ်၏။

ဘယ်လိုအခက်အခဲရှိရှိ ဖြတ်သန်း၏။ ဘယ်ပုံအတားအဆီးတွေ့တွေ့ ကျော်လွှား၏။ သူ့မှာအမှန်တကယ်ကြီးမားသော စွမ်းအားအရင်းအမြစ် ရှိနေကြောင်းသိရှိပြီး လူငယ်များကိုယ်တိုင် ဖော်ထုတ်အသုံးချစေရမည်။ သူ့ကို အသိအမြင်ခံယူချက် သဘောထားသာ မျှဝေပေးရမည်။

**❖ အောင်မြင်မှုဆိုသည်က အောင်ပွဲတစ်ခုမဟုတ်။ အောင်မြင်မှုသည် ဘဝတစ်လျှောက်လုံးပင် လောကကောင်းကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိအောင် နိုင်ငံ၊ လူမျိုး၊ ဆွေမျိုးမိဘတို့၏ ကောင်းကျိုးကို တာဝန်သိစွာထမ်းဆောင်တတ်အောင်၊ မိမိကိုယ်ကို တန်ဖိုးရှိသူဖြစ်အောင် ပျိုးထောင်ဖြည့်ဆည်းပြီး မြင့်တင်တတ်အောင် လမ်းဖြောင့်ဖြူးခြင်းဖြစ်၏။ ဘယ်လိုအခက်အခဲရှိရှိ ဖြတ်သန်း၏။ ဘယ်ပုံအတားအဆီးတွေ့တွေ့ ကျော်လွှား၏။ သူ့မှာအမှန်တကယ်ကြီးမားသောစွမ်းအားအရင်းအမြစ် ရှိနေကြောင်းသိရှိပြီး လူငယ်များကိုယ်တိုင် ဖော်ထုတ်အသုံးချစေရမည်။ သူ့ကို အသိအမြင်ခံယူချက် သဘောထားသာ မျှဝေပေးရမည်။ ❖**

အမေရိကန်နိုင်ငံသည် ၁၈ ရာစုတွင် လွတ်လပ်ရေးရပြီး ၂၀ ရာစုအတွင်းမှ သိသိသာသာဖွံ့ဖြိုးတိုးတက်သွားခဲ့သည်။ လူမျိုးနှင့်ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများ ကွဲပြားကြစေကာမူ လူသားအချင်းချင်းအတူတကွ ပူးပေါင်းကူညီခဲ့ခြင်းဖြင့် နိုင်ငံကို ထူထောင်သည်။ လွတ်လပ်စက ငွေဝယ်ကျွန်စနစ်အောက်တွင် လူဖြစ်ခဲ့ကြရသော နီဂရိုးလူမျိုးများသည် ၂၁ ရာစုသို့ရောက်သောအခါ ဗိုလ်ချုပ်ကြီး၊ ဝန်ကြီးမှသည် သမ္မတကြီးထိ လူရာဝင်လာခဲ့သည်။ လူဖြူ လူမည်း ခွဲခြားဆက်ဆံသောဓလေ့ထုံးစံသည် ပြောင်းလဲလျော့နည်းသွားသည်။ ဗိုလ်ချုပ်ကြီးကော်လင်းပါဝဲ။ ဝန်ကြီးဂွန်ဇာလီရိုက်(စ်)၊ သမ္မတဘားရက်အိုဘားမား။

အမေရိကန် လူမည်းများ၏ ရပ်တည်ရေး ရုန်းကန်ကြိုးစားရမှုသည် သမိုင်းနှင့်ချီ၍ ကြမ်းတမ်းခက်ခဲခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လူဖြစ်လာကြသော မည်သည့်လူမျိုးမှ ထိုကဲ့သို့ ဆိုးရွားကြမ်းတမ်းသော ဖိနှိပ်မှုမျိုး မောက်မာရက်စက်သော ခွဲခြားဆက်ဆံခြင်းမျိုးကို မခံရပါ။ မခံစားရဖူးပါ။

လူငယ်များသည် အခက်အခဲ အတားအဆီးအမျိုးမျိုးကို ဖြတ်သန်းကျော်လွှားရဲရမည်။ ဘဝကို အောင်မြင်စွာ တည်ဆောက်နိုင်ရမည်။

မြန်မာ့ရေခံမြေခံမှာ လူငယ်များ၏ စိတ်သဘောထား ကောင်းလျှင် ကောင်းသလောက်၊ ပြောင်းလျှင် ပြောင်းသလောက် မိမိတို့နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာပါလိမ့်မည်။ နိုင်ငံကို ထူထောင်ရာတွင် မိသားစုအတွင်းက လူငယ်တစ်ဦးချင်းစီ၏စိတ်ကို ပြုပြင်ခြင်းက အရင်းအမြစ်အကျဆုံးနှင့် နည်းလမ်းအမှန်ဆုံးဖြစ်ကြောင်း စာဖတ်သူနားလည်လောက်ပေပြီ၊

စင်စစ်ဘဝဟူသည်မှာ မေးခွန်းထုတ်စရာနှစ်ခုသာရှိပါသည်။

၁။ သင့်ဘဝသည် လူအများအပေါ် မည်မျှကောင်းကျိုးပြုပါသနည်း။

၂။ သင့်ဘဝသည်မည်မျှ ပျော်စရာကောင်းသနည်း။

အမှန်ကတော့ ဘဝကို ပျော်စရာအကောင်းဆုံးဖြတ်သန်းရှင်သန်လိုပါလျှင် လူအများအပေါ် ကောင်းကျိုးပြုခြင်းမှတစ်ပါး အခြားမရှိပေ။

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ခရစ်ယာန်သီလရှင်မာသာထရီဇာ Mother Teresa (၁၉၁၀-၁၉၉၇)၏ "လူ့ဘဝ"ဟူသော စာကြောင်းရေ ၂၀ မျှပါဝင်သည့် စာတစ်ပုဒ်ကိုဖော်ပြ၍ ဆောင်းပါးကို နိဂုံးချုပ်ပါမည်။

**Life(လူ့ဘဝ)**

၁။ Life is an opportunity, benifit from it.
လူ့ဘဝသည် အခွင့်အလမ်းဖြစ်သည်။

၂။ Life is beauty, admire it.
ဘဝသည် အလှတရားဖြစ်သည်။ ချီးမွမ်းထောမနာပြုပါ။

၃။ Life is bliss, taste it.
ဘဝသည် သုခဖြစ်သည်။ မြည်းစမ်းကြည့်ပါ။

၄။ Life is a dream, realise it.
ဘဝသည် အိပ်မက်ဖြစ်သည်။ အကောင်အထည်ဖော်ပါ။

၅။ Life is a challenge, meet it.
ဘဝသည်စိန်ခေါ်စမ်းသပ်မှုဖြစ်သည်။ ရင်ဆိုင်ပါ။

၆။ Life is a duty, complete it.
ဘဝသည် တာဝန်ဖြစ်သည်။ တာဝန်ကျေရန်ဖြည့်ဆည်းပါ။

၇။ Life is a game, play it.
ဘဝသည် ကစားပွဲဖြစ်သည်။ ကစားပါ။

၈။ Life is costly, care for it.
ဘဝသည် တန်ဖိုးကြီးသည်။ သတိဖြင့်စောင့်ရှောက်ပါ။

၉။ Life is wealth, keep it.
ဘဝသည် ဓနဖြစ်သည်။ သိမ်းဆည်းပါ။

၁၀။ Life is love, enjoy it.
ဘဝသည် အချစ်ဖြစ်သည်။ နှစ်သက်ခံစားပါ။

၁၁။ Life is mystery, know it.
ဘဝသည် လျှို့ဝှက်ဆန်းကြယ်သောအရာဖြစ်သည်။ သဘောပေါက်ပါ။

၁၂။ Life is a promise, fulfil it.
ဘဝသည် ကတိဖြစ်သည်။ ဖြည့်ဆည်းပါ။

၁၃။ Life is sorrow, overcome it.
ဘဝသည်ဝမ်းနည်းမှုဖြစ်သည်။ ကျော်လွှားပါ။

၁၄။ Life is song, sing it.
ဘဝသည် သီချင်းဖြစ်သည်။ သီဆိုပါ။

၁၅။ Life is struggle, accept it.
ဘဝသည် ရုန်းကန်မှုဖြစ်သည်။ လက်ခံပါ။

၁၆။ Life is tragedy, confront it.
ဘဝသည် ကြေကွဲဖွယ်ဖြစ်သည်။ ရင်ဆိုင်ပါ။

၁၇။ Life is an adventure, dare it.
ဘဝသည် စွန့်စားမှုဖြစ်သည်။ ရဲဝံ့ပါ။

၁၈။ Life is luck, make it.
ဘဝသည် ကံတရားဖြစ်သည်။ ကံကောင်းအောင်လုပ်ပါ။

၁၉။ Life is too precious, do not destroy it.
ဘဝသည် အလွန်တန်ဖိုးရှိသည်။ ဖျက်ဆီးမပစ်ပါနဲ့။

၂၀။ Life is life, fight for it.
ဘဝသည် အသက်ဖြစ်သည်။ ကာကွယ်ပါ။

# အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အမာ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အမာမြို့နယ် ပင်လယ်ငါးခြောက်စုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးကပြောပြသည်။

အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးစည်ဖောင်းခြောက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပင်လယ်ငါးစည် ဖောင်းခြောက်များသည် ပင်လယ်ငါးများဖြစ်သော ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင် စသည့် ငါးများမှ ငါးစည်ဖောင်းများကို စနစ်တကျသန့်စင်နေလှန်း အခြောက်ခံပြီးမှရရှိခြင်းဖြစ်သည်။

"ဒီကနေ တင်ပို့ရောင်းချတဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဇူလိုင်လ ပထမပတ်မှစပြီး ဝယ်ယူအားကောင်းခဲ့ပါတယ်။ အမာမြို့နယ်ကနေ ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်"ဟု အမာမြို့နယ် ပင်လယ်ငါးခြောက်စုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင် ၁ ရက်မှ ၃၁ ရက် ထိတင်ပို့ရောင်းချခဲ့သည့် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၉၈၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၃၄၅၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေများမြင့်တက်လာမှုကြောင့် ဒေသခံများ သတိပြုနေထိုင်ကြရန် သတိပေးချက်ထုတ်ပြန်



**ဗန်ကောက် ဩဂုတ် ၂၆**

ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး မြစ်ရေများမြင့်တက်လာမှုကြောင့် နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် နေထိုင်ကြသူ ဒေသခံများ သတိပြုနေထိုင်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ် သတိပေးဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ပြည်နယ်များဖြစ်သော ချင်းရိုင်၊ နန်၊ ဖာအို၊ ဖရာ၊ ဆူခိုထိုင်း၊ ဖိစလော့၊ ပက်ချာဘွန်၊ ဥဒုံသာနီ၊ စကွန်နခွန်ပြည်နယ်တို့နှင့် တောင်ပိုင်းပြည်နယ်များဖြစ်သော မယ်ဟောင်ဆောင်၊ ချင်းမိုင်၊ လိုင်ပန်၊ နခွန်စီသမာရက်၊ ဖန်င၊ ဖူးခက်နှင့် ခရာဘီပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုအခြေအနေများဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများ အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်နှင့် သက်ဆိုင်ရာဌာနများ၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်သတိပေးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါပြည်နယ်များရှိ ဒေသခံများအနေဖြင့် ပစ္စည်းများကို မြင့်မားသော ကုန်းမြေနေရာများသို့ ရွှေ့ပြောင်းထားရန်၊ အရေးပေါ်အခြေအနေတွင် မီးသုံးစွဲနိုင်ရေးအတွက် ပြင်ဆင်ထားရန်၊ ရေလျှံမှုမှကာကွယ်ရန် သဲအိတ်ကဲ့သို့ပစ္စည်းများ ကြိုတင်ပြင်ဆင်စုဆောင်းထားရန်၊ လျှပ်စစ်ဘေးအန္တရာယ်၊ အဆိပ်ရှိသောတိရစ္ဆာန်များနှင့် အင်းဆက်များအန္တရာယ်မှ သတိပြုနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဲခေါင်မြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိသဖြင့် အရှေ့မြောက်ပိုင်း ပြည်နယ်များဖြစ်သော နွန်းခိုင်း၊ လွိုင်း၊ ဘန်းကန်နှင့် နခွန်ဖန်နန်ပြည်နယ်တို့တွင်နေထိုင်သူများအနေဖြင့် မြစ်၊ ချောင်းများအတွင်း ခရီးသွားလာခြင်းကိုရှောင်ကြဉ်ရန်၊ လိုဏ်ဂူများနှင့် ရေတံခွန်များသို့ ခရီးသွားရောက်ခြင်းများ ရှောင်ကြဉ်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်သတိပေးဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

Ref : Xinhua News

Trs : AZH

# တရုတ်နိုင်ငံ ယန်ဇီမြစ်တွင် ဂေဟစနစ်တိုးတက်လာမှုကြောင့် ရေနေဇီဝမျိုးစုံမျိုးကွဲများ တိုးလာ

**ပေကျင်း ဩဂုတ် ၂၆**

တရုတ်နိုင်ငံ ယန်ဇီမြစ်တွင် လက်ရှိဂေဟစနစ် တိုးတက်လာမှုကြောင့် ရေနေဇီဝမျိုးစုံမျိုးကွဲများ တိုးလာကြောင်း နိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ကြေညာချက်အရ ယန်ဇီမြစ်ကို ကာကွယ်ရန် မူဝါဒအစီအမံများ ဆက်တိုက်လုပ်ဆောင်ခဲ့ရာ ယခုအခါတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာညွှန်းကိန်းများ တိုးတက်လာကြောင်း၊ ရေအရင်းအမြစ်ဝန်ကြီးဌာန၊ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ကလည်း ၂၀၂၀ ပြည့်နှစ်မှစ၍ မြစ်အတွင်း ငါးအလွန်အကျွံဖမ်းဆီးမှုနှင့် ပတ်သက်ပြီး တားမြစ်ချက် ချမှတ်အကောင်အထည်ဖော်ပြီးနောက်ပိုင်း ရေနေဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်းကောင်းရေ တိုးလာခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်က ယန်ဇီမြစ်ဝှမ်းတွင်ကောက်ယူခဲ့သော စစ်တမ်းများအရ ယန်ဇီမြစ်တွင် နေထိုင်ကျက်စားသောငါးများ၊ ကျောရိုးမဲ့များနှင့် ကုန်းနေရေနေသတ္တဝါများ အပါအဝင် ရေနေဇီဝမျိုးစိတ်ပေါင်း ၂၂၇ မျိုးသာရှိခဲ့ပြီး ယခုအခါတွင် ရေနေဇီဝမျိုးစိတ် ၃၄ မျိုးတိုးလာကြောင်း၊ ထို့ပြင် နိုင်ငံအနေဖြင့် မူဝါဒချမှတ်ကာ ကာကွယ်ထားသည့် ရေနေသတ္တဝါမျိုးစိတ် ၁၄ မျိုးရှိပြီး အဆိုပါမျိုးစိတ်များသည်လည်း လက်ရှိတွင် ကောင်ရေများ တိုးလာကြောင်း၊ ထို့ပြင် ယန်ဇီမြစ်နှင့် ၎င်း၏မြစ်လက်တက်များ၏ ရေအရည်အသွေးကို ကောင်းမွန်စေရန် သဲတူးဖော်ခြင်းနှင့် ရေလမ်းစည်းမျဉ်းကို သတ်မှတ်ပေးထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Xinhua News

Trs : KZ

# ပေါ်တူဂီနိုင်ငံ မက်ဒီရာနယ်မြေတွင် လောင်ကျွမ်းနေသည့်တောမီး စတင်ထိန်းချုပ်နိုင်

**လစ္စဘွန်း ဩဂုတ် ၂၆**

ပေါ်တူဂီနိုင်ငံ မက်ဒီရာနယ်မြေတွင် ဩဂုတ် ၁၅ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါရယူခဲ့ကာ တောမီးကိုထိန်းချုပ်နိုင်ရေးကြိုးပမ်းခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်တူဂီအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းဧက ၅၀၀၀ ကျော်ထိ ပျက်စီးသွားခဲ့ပြီး တောင်သူများ အရှုံးပေါ်ရတော့မည့်အခြေအနေဖြစ်နေကြောင်း သိရသည်။

"မက်ဒီရာမှာလောင်ကျွမ်းနေတဲ့ တောမီးကို ၁၁ ရက်အကြာမှာတော့ စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ စတင်ထိန်းချုပ်နိုင်တဲ့အဆင့်မျိုးပဲရှိပါသေးတယ်။ အခြေအနေတွေကိုတော့ ဆက်လက်စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။ မိုးလေဝသ အခြေအနေကြောင့် အခြေအနေမျိုးမျိုးပြောင်းလဲသွားနိုင်တဲ့ အခြေအနေလဲဖြစ်ပါတယ်" ဟု မက်ဒီရာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အန်တိုနီယိုနူနက်စ်က ပြောကြားသွားခဲ့သည်။



တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အထိနာခဲ့သော်လည်း လူနေအိမ်များပျက်စီးခဲ့ခြင်းမရှိသကဲ့သို့ ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း မက်ဒီရာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ မာလူကူစီရင်စုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

**ဂျကာတာ ဩဂုတ် ၂၆**

အင်ဒိုနီးရှားနိုင်ငံ မာလူကူစီရင်စုမြောက်ဘက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း Indonesian National Board for Disaster Management (BNPB)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုကြောင့် လူနေအိမ်ခြေ ၁၀ လုံးထိ ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့သူ အမြောက်အမြားရှိနေကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံပြည်သူများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရာတွင် ကူညီပေးလျက်ရှိပြီး သေဆုံးခဲ့သည့်ဒေသခံများ၏ ရုပ်အလောင်းများကိုလည်း မြေအောက်မှဆွဲထုတ်ပေးခဲ့ပြီး သက်ဆိုင်ရာသို့အပ်နှံပေးခဲ့ကြောင်း BNPBက ထုတ်ပြန်ခဲ့သည်။

"ရေဘေးအန္တရာယ်အပြင် မြေပြိုကျမှုပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ဧရိယာတွေက ပြည်သူတွေကို နိုးနိုးကြားကြားနေဖို့နဲ့ လိုက်နာရမဲ့ ညွှန်ကြားချက်တွေအတိုင်း တစ်သဝေမတိမ်း လိုက်နာကြဖို့ တိုက်တွန်းချက်တွေ ထုတ်ပြန်ထားပါတယ်။ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် သေဆုံးသူတွေများပြားခဲ့တယ်။ အခြားရေဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ဧရိယာတွေမှာ နေထိုင်တဲ့ ပြည်သူတွေကိုလဲ နိုးနိုးကြားကြားနေကြဖို့ ညွှန်ကြားထားပါတယ်" ဟု BNPB မှ ပြောရေးဆိုခွင့်ရှိသူ မူဟာရီက ပြောကြားခဲ့သည်။

သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ ဆက်လက်မြင့်တက်မှုမရှိစေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများက မြေပြိုကျမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများသို့ ကင်းလှည့်ကာ ဒေသခံများကို ကူညီပေးလျက်ရှိကြောင်း သိရသည်။

မြေပြိုကျမှုအပြင် ရေစီးနှင့်အတူမျောပါလာသည့် အမှိုက်သရိုက်များ၊ ရွှံ့နွံများကြောင့်လည်း လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည့်အတွက် လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ခရိုအေးရှားနိုင်ငံ ဒူဘရို့နစ်ခ်-နီရက်ဗာကောင်တီတွင် အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေ

**ဇက်ဂ်ရက် ဩဂုတ် ၂၆**

ခရိုအေးရှားနိုင်ငံ ဒူဘရို့နစ်ခ်-နီရက်ဗာကောင်တီတွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းလာဖွယ်ရှိနေကြောင်း State Hydrometeorological Institute (SHI) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖြတ်သန်းလာမည့် အပူချိန်ပမာဏကြောင့် အပူချိန်မြင့်တက်မှုမှာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့်အဆင့်ဖြစ်ပြီး လာမည့် ၄၈ နာရီအတွင်း အပူလှိုင်း စတင်ဖြတ်သန်းလာမည်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် အရွယ်မရောက်သေးသည့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များအတွက် ပို၍ အန္တရာယ်ရှိနေကြောင်း SHI က ထုတ်ပြန်ခဲ့သည်။

"လေထုအပူချိန်တွေမြင့်တက်နေပါတယ်။ လာမဲ့ ၄၈ နာရီအတွင်း အပူလှိုင်း ဖြတ်သန်းနိုင်တဲ့အခြေအနေဖြစ်ပြီး အပူချိန်တွေမြင့်တက်လာနိုင်တယ်။ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နိုင်တဲ့အဆင့်ဖြစ်ပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ဆိုးဆိုးရွားရွား ထိခိုက်လာစေနိုင်တဲ့အတွက် အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေတဲ့ဧရိယာတွေမှာနေထိုင်တဲ့ ဒေသခံတွေ အပူလှိုင်းကို ရင်ဆိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်"ဟု State Hydrometeorological Institute(SHI)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် ဒူဘရို့နစ်ခ်-နီရက်ဗာ ကောင်တီအနီးပတ်ဝန်းကျင်ဒေသများတွင်လည်း အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး ဒေသခံများအနေဖြင့် ပြင်းထန်သောအပူချိန်ကို ရင်ဆိုင်ရန်အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် ဒူဘရို့နစ်ခ်-နီရက်ဗာ ကောင်တီအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# မျောက်ကျောက်ရောဂါကူးစက်မှုမခံရစေရေးဂရုပြုသွားစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ၌ သုတေသနပြုလုပ်ရန်မွေးမြူထားသောမျောက်များ၌ မျောက်ကျောက်ရောဂါ(Mpox)ကိုပထမဆုံးတွေ့ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကိုးလအရွယ် ယောကျ်ားလေးတစ်ဦးတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို စတင်တွေ့ရှိခဲ့သည်။ မျောက်ကျောက်ရောဂါသည် လူမှလူသို့လည်းကောင်း၊ တိရစ္ဆာန်မှလူသို့လည်းကောင်း ကူးစက်ပျံ့နှံ့နိုင်သည်။ ထို့နောက် မျောက်ကျောက်ရောဂါသည် ဗဟိုအာဖရိက၊ အရှေ့နှင့် အနောက်အာဖရိကတို့တွင် တဖြည်းဖြည်းကူးစက်ပျံ့နှံ့လာခဲ့ရာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးသို့ကူးစက်ပျံ့နှံ့လာခဲ့သည်။ မျောက်ကျောက်ရောဂါအစပျိုးရာနေရာကို အတိအကျမသိရှိရသော်လည်း ရှဥ့်နှင့်မျောက်ကဲ့သို့သော နို့တိုက်သတ္တဝါများတွင် စတင်ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။

**နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) သည် ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပထမအကြိမ် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ်ကြေညာခဲ့သည်။ ထို့နောက် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားမှုသိသာစွာကျဆင်းလာသည့်အတွက် WHO သည် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေမှ ဖြေလျှော့ခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဩဂုတ်လဆန်းထိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူဦးရေ၁၆၇၀၀ ကျော်ရှိခဲ့ပြီး သေဆုံးသူဦးရေ ၅၇၀ ကျော်ရှိကြောင်း နိုင်ငံတကာ သတင်းမီဒီယာများတွင်ဖော်ပြခဲ့သည်။ မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုသည် အာဖရိကရှိနိုင်ငံ ၁၇ နိုင်ငံအပြင် အခြားသောနိုင်ငံများတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အသက် ၁၅ နှစ်အောက်ကလေးငယ်များတွင် အဖြစ်များသည်။ ထို့ကြောင့် WHO အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မျောက်ကျောက်ရောဂါကူးစက်မှုကို နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဒုတိယအကြိမ် ထပ်မံကြေညာခဲ့ရသည်။

**ကူးစက်နိုင်ခြေရှိသောနည်းလမ်းများ**

မျောက်ကျောက်ရောဂါကူးစက်နိုင်ခြေရှိသောနည်းလမ်းများမှာရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်း၊ ရောဂါပိုးရှိသူနှင့်အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်း၊ ရောဂါပိုးရှိသူနှင့်မျက်နှာချင်းဆိုင်အနီးကပ်တွေ့ဆုံခြင်း (စကားပြောခြင်း၊ အသက်ရှူခြင်း)၊ ရောဂါပိုးရှိသူ၏အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိခြင်း၊ ရောဂါပိုးများ ကပ်တင်ကျန်နေသည့်အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကိုလက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်း၊ မသန့်ရှင်းသော ဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများ၊ Mpox ဗိုင်းရပ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိခြင်း၊ မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့်မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်းတို့ဖြစ်သည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများစတင်ဖြစ်ပွားနိုင်သည်။

**❖ပြည်သူများအနေဖြင့် ဖျား၍ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့အပြင် ရောဂါလက္ခဏာခံစားနေရသူများ (အထူးသဖြင့် လွန်ခဲ့သည့်၂၁ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများ)နှင့် ထိတွေ့မိခြင်းရှိပါက ခရီးသွားလာခြင်းရှောင်ကြဉ်သင့်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ကုသမှုခံယူသွားရန် လိုအပ်သည်။ ❖**

မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊ ဖျားခြင်း၊ ပြန်ရည်ကျိတ်များရောင်ရမ်းခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်သည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

မျောက်ကျောက်ရောဂါကာကွယ်ရေးအတွက် ၎င်းရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ခြင်း၊ အနီးကပ်ထိတွေ့မှုကိုရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်း၊ သံသယရောဂါလက္ခဏာခံစားနေရသူ၏အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောခြင်း၊ လက်မဆေးဘဲပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများ ကိုင်တွယ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ၊ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ခြင်း၊ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုခြင်း၊ တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ ထိတွေ့ကိုင်တွယ်မှုကို ရှောင်ကြဉ်ခြင်းနှင့်အသားစိမ်းများကို ကျက်အောင် ချက်ပြုတ်စားသောက်ခြင်းတို့ လုပ်ဆောင်သွားရန် လိုအပ်သည်။

**ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှု**

ကျန်းမာရေးဝန်ကြီးဌာနသည် WHO က မျောက်ကျောက်ရောဂါကို နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(Public Health Emergency of International Concern–PHEIC) အဖြစ် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း (Fever with Vesicular Rash Surveillance) လုပ်ငန်းကို နေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် WHO က PHEIC အခြေအနေမှဖြေလျှော့ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်ထိ သံသယလူနာများ၏ ဓာတ်ခွဲနမူနာ ၁၂၉ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် မျောက်ကျောက်ရောဂါ အတည်ပြုလူနာမရှိသေးကြောင်း သိရသည်။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

WHO က ရောဂါဖြစ်ပွားနိုင်ခြေသတ်မှတ်ချက်အရ မျောက်ကျောက်ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေနည်းပါးသော်လည်း အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် မျောက်ကျောက်ရောဂါကာကွယ်ရေးအတွက်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့်နယ်စပ် ဝင်၊ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုကို နီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများအသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်းရောဂါကာကွယ်ရေးနည်းလမ်းများ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**မျောက်ကျောက်ရောဂါ ကူးစက်မှုမခံရစေရေးဂရုပြုသွားစေလို**

ပြည်သူများအနေဖြင့် ဖျား၍ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့အပြင် ရောဂါလက္ခဏာခံစားနေရသူများ(အထူးသဖြင့် လွန်ခဲ့သည့်၂၁ရက်အတွင်း ရောဂါပိုးတွေ့ရှိရာနိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများ)နှင့် ထိတွေ့မိခြင်းရှိပါက ခရီးသွားလာခြင်းရှောင်ကြဉ်သင့်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ကုသမှုခံယူသွားရန် လိုအပ်သည်။

လက်ရှိအချိန်တွင် မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုများပြားလာသည့်အတွက် WHO သည် ကျွမ်းကျင်သူအရေးပေါ်ကော်မတီကို ထူထောင်ခဲ့ရသည်။ အခြေအနေမှာ အလွန်စိုးရိမ်ဖွယ်ရာကောင်းသည်ဟု WHO ၏ ညွှန်ကြားရေးမှူး တက်ဒရို့စ်က သတင်းထောက်များကို ပြောကြားခဲ့သည်။ မျောက်ကျောက်ရောဂါသည် ပေါ့ဆ၍မရသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အိမ်နီးချင်းထိုင်းနိုင်ငံသို့ စတင်ရောက်ရှိလာပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးဗဟုသုတရှိနေမည်ဆိုလျှင် ကူးစက်ရောဂါကို သတိထားရှောင်ရှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျောက်ကျောက်ရောဂါကူးစက်မှုမခံရစေရေး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို အလေးထားလိုက်နာသွားရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**(၁) ကျန်းမာရေးဝန်ကြီးဌာန၏ ၁၉-၈-၂၀၂၄ ရက် သတင်းထုတ်ပြန်ချက်။**

**(၂) https://www.news18.com/lifestyle/understanding-monkeypox-symp**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၆၅ ဧက စိုက်ပျိုးပြီးစီး

**မင်းကင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၄၆၄ ဧကစိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း ပဲကြီး ၄၆၄ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)


**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်း ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း လယ်ကဏန်းပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း ရန်ကုန်ဈေးကွက်ထဲကို လယ်ကဏန်း ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲကနေ ဖမ်းယူရရှိတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်။ ကဏန်းတွေ ဝယ်ယူမှုအာကောင်းလာတော့ ရေလုပ်ငန်းရှင်တွေ အရောင်းအဝယ်လုပ်ငန်း ပိုမိုကောင်းမွန်လာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ လယ်ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးရရှိနေကြောင်း၊ အဆိုပါကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် မကျီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ရေကြည်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက မကျီးကုန်းကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လမ်းအရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မကျီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မကျီးကုန်းကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာမည်ဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တစ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


အဖိုးတန်

ရေချိုကို

ချွေတာ

ကြပါစို့

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မမေသံစဉ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသက်ဦးဇော် ဖြစ်ပါကြောင်း။

ဦးသက်ဦးဇော် (၉/မဟမ(နိုင်)၀၅၆၈၀၆)

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်ကောင်းမြတ် ၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်မိုးမိုး ဖြစ်ပါကြောင်း။

ဒေါ်မိုးမိုး(၉/စကတ(နိုင်)၀၉၆၁၃၀)

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁) Grade-12 (ကံ့ကော်)ခန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဖြိုးဝေမင်း (၉/သစန(နိုင်)၁၀၃၅၄၈) ၏သား မောင်ကောင်းဝေသျှံ အား မောင်ကောင်းစစ်သွေး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းစစ်သွေး

## COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကား လက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## အများသိစေရန်ကြေညာခြင်း

ရှန်းရှန်းကုမ္ပဏီလီမိတက်၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာစာရင်းနှင့် အစုရှယ်ယာစာရင်းများကို ပူးတွဲပါအတိုင်း ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(က) ဒါရိုက်တာစာရင်း အမည်ပြောင်းလဲခြင်း

| ယခင်ဒါရိုက်တာ | | ယခုဒါရိုက်တာစာရင်း | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | ဦးနေအောင်(မန်နေဂျင်းဒါရိုက်တာ) | ၁ | ဦးအောင်မျိုးသန့်(မန်နေဂျင်းဒါရိုက်တာ) |
| ၂ | ဒေါ်အဲလိတ်(ဒါရိုက်တာ) | ၂ | ဦးမျိုးမြင့်ကြည်(ဒါရိုက်တာ) |
| | | ၃ | ဒေါ်ဝင်းပြည့်ပြည့်သင်း(ဒါရိုက်တာ) |
| | | ၄ | ဦးနေအောင်(ဒါရိုက်တာ) |
| | (၂)ဦး | | (၄)ဦး |

(ခ) အစုရှယ်ယာစာရင်း အမည်ပြောင်းလဲခြင်း

| မူလအစုရှယ်ယာ | | | ယခုအစုရှယ်ယာ | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| စဉ် | အမည် | ရှယ်ယာတန်ဘိုး (၁၀၀၀၀)စု | စဉ် | အမည် | ရှယ်ယာတန်ဘိုး (၁၀၀၀၀)စု | |
| ၁ | ဦးနေအောင် | (၃၀၀၀)စု | ၁ | ဦးအောင်မျိုးသန့် | (၃၀၀၀)စု | (၃၀၀၀)စု |
| ၂ | ဒေါ်အဲလိတ် | (၇၀၀၀)စု | ၂ | ဦးမျိုးမြင့်ကြည် | (၃၀၀၀)စု | (၃၀၀၀)စု |
| | | - | ၃ | ဒေါ်ဝင်းပြည့်ပြည့်သင်း | (၃၀၀၀)စု | (၃၀၀၀)စု |
| | | - | ၄ | ဦးနေအောင် | (၁၀၀၀)စု | (၁၀၀၀)စု |
| စုစုပေါင်း | | (၁၀၀၀၀)စု | စုစုပေါင်း | | (၁၀၀၀၀)စု | (၁၀၀၀၀)စု |

## အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မကြယ်စင်သော် (ကျောင်းဝင်အမှတ်-၁၁၄၃) (ဘ) ဦးသန်းမိုး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မကြယ်ဇင်သော် ဖြစ်ပါကြောင်း။

မကြယ်ဇင်သော်

## အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မယမုံဦး (ကျောင်းဝင်အမှတ်-၁၁၃၅) (ဘ) ဦးဝင်းအောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မယမုန်ဦး ဖြစ်ပါကြောင်း။

မယမုန်ဦး

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်...

❖ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေး၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန်များဆောင်ရွက်လျက်ရှိမှု၊ EAO အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေမှုအခြေအနေများနှင့် အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်သတ်ဖြတ်နေမှုအခြေအနေများ၊ အများပြည်သူသွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများ၊ မီးရထားလမ်းများနှင့်ဆက်သွယ်ရေးတာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုအခြေအနေများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

